

# ဂီတဝေါဟာရများ (ဒုတိယတန်း)

တေးဂီတသုံး ဝေါဟာရ၊ စကားလုံး

| စဉ် | သင်္ကေတ | သင်္ကေတ၏ အဓိပ္ပာယ် |
|---|---|---|
| ၁။ | Crotchet | Whole Note ၏ ၄ပုံတစ်ပုံ (၁/၄)ရှိသော အသံအရှည်။ |
| ၂။ | Quaver | Whole Note ၏ ၈ပုံတစ်ပုံ (၁/၈)ရှိသော အသံအရှည်။ |
| ၃။ | Crotchet Rest | Whole Note ၏ ၄ပုံတစ်ပုံ (၁/၄)ရှိသော ရပ်နားချက်။ |
| ၄။ | Beats | တူညီသောချိန်တာ အကွာအဝေးဖြင့်ဖော်ပြထားသော ရိုက်ချက်များ။ (ဥပမာ- စည်းဝါးတီးသည့်စည်းချက်) |
| ၅။ | Rhythm | Beat တွင် အသံအပြင်းအပျော့၊ အတိုအရှည်၊ အနှေးအမြန်များဖြင့် ပေါင်းစပ်ပါဝင်သော အစုအဖွဲ့။ |
| ၆။ | 4/4 Time | Note Bar (၁) Bar တွင် Crotchet (၄)ချက်ပါရှိသော Beat ကို ဖော်ပြသည်။   |
| ၇။ | 2/4 Time | Note Bar (၁) Bar တွင် Crotchet (၂)ချက်ပါရှိသော Beat ကို ဖော်ပြသည်။   |
| ၈။ | Repeat | ထပ်ကျော့အမှတ်အသား။  |
| ၉။ | Breath | အသက်ရှူရန်။  |
| ၁၀။ | Dotted Crotchet | Crotchet (၁)ချက်နှင့် ယင်းတန်ဖိုး၏ တစ်ဝက်စာ ရိုက်ချက်ပေါင်းတန်ဖိုး။  |
| ၁၁။ | Dotted Quaver | Quaver (၁)ချက်နှင့် ယင်းတန်ဖိုး၏ တစ်ဝက်စာ ရိုက်ချက်ပေါင်းတန်ဖိုး။  |

DBE Box-Copyright Protected

## ၅။ စစ်ဆေးအကဲဖြတ်ခြင်း

စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ စာသင်ချိန်အတွင်း ကလေးများ မည်မျှတတ်မြောက်မှုရှိသည်၊ မည်သည့်နေရာများ၌ လိုအပ်နေသည်ကို သိရှိစေရန် စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ကလေးများ ပိုမိုကောင်းမွန်စွာ လေ့လာသင်ယူနိုင်စေရန်အတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်ပါသည်။

စစ်ဆေးအကဲဖြတ်ခြင်းကို စာသင်ချိန်မတိုင်မီ၊ စာသင်ချိန်အတွင်း၊ စာသင်ချိန် ပြီးဆုံးချိန် စသည့်အချိန်များတွင် ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ကြသည်။ စစ်ဆေးအကဲဖြတ်ခြင်းဖြင့် ဆရာက သင်ခန်းစာတစ်ခုအား မည်မျှပေါက်မြောက်အောင် သင်ကြားပေးနိုင်သည်ကို သိရှိနိုင်သကဲ့သို့ ကလေးများအနေဖြင့်လည်း မည်မျှလေ့လာ သင်ယူရရှိနိုင်သည်ကို သိရှိနိုင်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းဖြင့် သင်ခန်းစာ၏ ရည်ရွယ်ချက်ပေါက်မြောက်မှု ရှိ၊ မရှိကို သိရှိနိုင်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်း၏ ရလဒ်အပေါ် မူတည်၍ ဆရာက သင်ကြားမှုပုံစံနှင့် သင်ကြားနည်းများ ပြောင်းလဲခြင်း၊ ကလေးများအား ပံ့ပိုးကူညီခြင်းတို့ဖြင့် ပိုမိုကောင်းမွန်သော လေ့လာသင်ယူမှုကို ဖြစ်စေပါသည်။

အနုပညာ(ဂီတ)ဘာသာရပ်တွင် စိတ်ပါဝင်စားမှု၊သင်ယူလိုမှု၊အပြုအမူ၊ တီထွင်ဖန်တီးနိုင်မှု၊ အသိပညာ၊ ကျွမ်းကျင်မှု စသည်တို့ကို စစ်ဆေးအကဲဖြတ်ရပါမည်။

၁။ စိတ်ပါဝင်စားမှုကို စစ်ဆေးအကဲဖြတ်ရာတွင် ဂီတသင်ခန်းစာများကို ကလေးများအနေဖြင့် လေ့လာသင်ယူလိုစိတ်နှင့် စိတ်ဝင်စားမှု မည်မျှရှိပြီး လေ့လာသင်ယူနေသည်ကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်ပါသည်။

၂။ တီထွင်ဖန်တီးသရုပ်ဖော်နိုင်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် မည်ကဲ့သို့ သရုပ်ဖော် သီဆိုတီးမှုတ်ကပြမည်တို့ကို စဉ်းစားပြီး နည်းလမ်းများ တီထွင်ကာ လှပသော အနုပညာဂီတကို တီထွင်ဖန်တီးရန်ကြိုးစားမှု ရှိ၊ မရှိ အကဲဖြတ်ခြင်းဖြစ်ပါသည်။

၃။ အသိပညာ၊ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် အဆို၊အက၊အတီးဆိုင်ရာ အရေးပါသော ဗဟုသုတများနှင့် အနုပညာစွမ်းရည်များ မည်မျှ ရရှိသည်ကို အကဲဖြတ်ခြင်းဖြစ်ပါသည်။

ဤစစ်ဆေးအကဲဖြတ်မှုများကို ပြုလုပ်ရာတွင် ကိုးကားနိုင်ရန်အတွက် အခန်းတစ်ခုချင်းစီတွင် အသုံးပြုရမည့် စစ်ဆေးအကဲဖြတ်မှု အခြေခံစံနှုန်းကို ဆရာလမ်းညွှန်စာအုပ်တွင် ထည့်သွင်းဖော်ပြထားပါသည်။ စစ်ဆေးအကဲဖြတ်မှု အခြေခံစံနှုန်း နမူနာပုံစံကိုလည်း အောက်တွင် ဖော်ပြထားပါသည်။

| | |
|---|---|
| ဒုတိယတန်း | ဂီတအနုပညာ |
| သင်ခန်းစာ | အခန်း(၂) မင်္ဂလာပါ |
| ရည်ရွယ်ချက်များ | ကိုယ်ခန္ဓာကို လှုပ်ရှားသရုပ်ဖော်ပြီး စည်းချက်ကျကျ သီဆိုတတ်ရန်ဖြစ်သည်။<br>၁။ တေးစာသား၏ အဓိပ္ပာယ်ကို နားလည်ပြီး စည်းချက်ညီညီ ပျော်ရွှင်စွာ သီဆိုတတ်ရန်။(သင်ခန်းစာ-၁)<br>၂။ ဒါး ဒ့ါ Rhythm နှင့် ဒို ရေ မီ သံစဉ်ကို သံစဉ်မှန်မှန် သီဆိုတတ်ရန်။(သင်ခန်းစာ-၂)<br>၃။ ဒါး ဒ့ါ အသံဖြင့် သီဆိုပြီး ရပ်နားချက် နှစ်ချက်နေရာများတွင် သရုပ်ဖော်လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုသံများ အစားထိုး၍ သီဆိုတတ်ရန်။(သင်ခန်းစာ-၃)<br>၄။ တေးသီချင်းစာသားဖြင့် သီဆိုပြီး၊ ရပ်နားချက် နှစ်ချက်နေရာများတွင် မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြုတီးခတ်ပြီး တေးကဗျာနှင့် လိုက်ဖက်သည့်အသံများကို ဖန်တီးနိုင်ရန်။(သင်ခန်းစာ-၄)<br>၅။ အဖွဲ့လိုက်ပူးပေါင်းပြီး လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုမှုများ၊ အသံဖန်တီးမှုများဖြင့် တစ်စိတ်တစ်ဝမ်းတည်း သီဆိုသရုပ်ဖော်တတ်ရန်။(သင်ခန်းစာ-၅) |

အခန်း(၂) မင်္ဂလာပါ စစ်ဆေးအကဲဖြတ်ချက်များ

| နယ်ပယ် |ကောင်း | သင့် | ကြိုးစားရန် |
|---|---|---|---|
| စိတ်ပါဝင်စားမှု၊ သင်ယူလိုမှု၊ အပြုအမူ | ၁။ တေးစာသား၏ အဓိပ္ပာယ်ကို နားလည် သဘောပေါက်ပြီး ပျော်ရွှင်စွာ ခံစားသီဆိုနိုင်သည်။ (သင်ခန်းစာ-၁) | ၁။ တေးစာသား၏ အဓိပ္ပာယ်ကို နားလည် သဘောပေါက်ပြီး ပျော်ရွှင်စွာ သီဆိုနိုင်သည်။ (သင်ခန်းစာ-၁) | ၁။ တေးစာသား၏ အဓိပ္ပာယ်ကို နားလည်ခြင်း မရှိသော်လည်း ပျော်ရွှင်စွာ သီဆိုနိုင်သည်။ (သင်ခန်းစာ-၁) |
| တီထွင်ဖန်တီး သရုပ်ဖော်နိုင်မှု | ၁။ နှစ်ယောက်တစ်တွဲ စဉ်းစားထားသော သရုပ်ဖော်လှုပ်ရှားမှုများ၊ အစားထိုးသီဆိုမည့် သံပြိုင်သီဆိုသံများကို အသုံးပြုကာ တေးကဗျာတစ်ပုဒ်လုံးကို သီဆိုနိုင်သည်။ (သင်ခန်းစာ-၃) | ၁။ နှစ်ယောက်တစ်တွဲ စဉ်းစားထားသော သရုပ်ဖော်လှုပ်ရှားမှုများ၊ အစားထိုးသီဆိုမည့် သံပြိုင်သီဆိုသံများကို အသုံးပြုကာ သီဆိုနိုင်သည်။ (သင်ခန်းစာ-၃) | ၁။ နှစ်ယောက်တစ်တွဲ စဉ်းစားထားသော သရုပ်ဖော်လှုပ်ရှားမှုများ၊ အစားထိုးသီဆိုမည့် သံပြိုင်သီဆိုသံများကို အသုံးပြုကာ သီဆိုနိုင်ခြင်းမရှိပါ။ (သင်ခန်းစာ-၃) |
| | ၂။ မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြုကာ လိုက်ဖက်သည့်အသံများကို ဖန်တီးနိုင်သည်။ (သင်ခန်းစာ-၄) | ၂။ မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြုကာ အသံဖန်တီးနိုင်သည်။ (သင်ခန်းစာ-၄) | ၂။ ကျောင်းသုံးစာအုပ်ပါအတိုင်းသာ လုပ်ဆောင်နိုင်သည်။ (သင်ခန်းစာ-၄) |
| | ၃။ အဖွဲ့လိုက်ပူးပေါင်းပြီး လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုမှုများ၊ အသံဖန်တီး တီးခတ်မှုများဖြင့် တစ်စိတ်တစ်ဝမ်းတည်း ညီညာစွာ သီဆိုသရုပ်ဖော်နိုင်သည်။(သင်ခန်းစာ-၅) | ၃။ အဖွဲ့လိုက်ပူးပေါင်းပြီး လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုမှုများ၊ အသံဖန်တီး တီးခတ်မှုများဖြင့် သီဆိုသရုပ်ဖော်နိုင်သည်။ (သင်ခန်းစာ-၅) | ၃။ အဖွဲ့လိုက်လှုပ်ရှားမှု (၃)မျိုးတွင် လိုအပ်ချက်များရှိသည်။ (သင်ခန်းစာ-၅) |
| အသိပညာ၊ ကျွမ်းကျင်မှု | ၁။ ဒါး ဒ္ဒါ Rhythm နှင့် ဒို ရေ မီသံစဉ်ကို သံစဉ်မှန်မှန် သီဆိုနိုင်သည်။ (သင်ခန်းစာ-၂) | ၁။ ဒါး ဒ္ဒါ Rhythm နှင့် ဒို ရေ မီသံစဉ်ကို သီဆိုနိုင်သည်။ (သင်ခန်းစာ-၂) | ၁။ ဒါး ဒ္ဒါ Rhythm နှင့် ဒို ရေ မီသံစဉ်ကို မှန်ကန်စွာ သီဆိုနိုင်ခြင်း မရှိပါ။ (သင်ခန်းစာ-၂) |

# ဆရာများအတွက်အမှာစာ

## ဆရာလမ်းညွှန်အသုံးပြုပုံ

### ၁။ ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်စာအုပ်ကို ဆရာများအနေဖြင့် ဒုတိယတန်း အနုပညာ(ဂီတ)ဘာသာရပ် သင်ကြားရာတွင် အထောက် အကူပြုနိုင်ရန် ရေးသားပြုစုထားပါသည်။

အနုပညာ(ဂီတ)ဘာသာရပ်ကို နယ်ပယ် (၃)ခု ဖြင့်ဖွဲ့စည်းထားပါသည်။ ၎င်းတို့မှာ အဆို၊အကနှင့် အတီး တို့ဖြစ်ပါသည်။ ဒုတိယတန်း **အဆိုသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ** သီချင်းကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်နှင့် ကလေးများ၏အသက်အရွယ်နှင့်သင့်လျော်သော ကမ္ဘာ့ဂီတသင်္ကေတတို့ကို လေ့လာနိုင်ရန် ဖြစ်ပါသည်။ **အကသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ** မြန်မာ့အခြေခံ လက်အကများကို ခေါင်းလှုပ်ရှားမှုနှင့်တွဲ၍ စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကပြနိုင်ရန် ဖြစ်ပါသည်။ **အတီးသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ** ပလွေတူရိယာဖြင့် ဂီတသင်္ကေတများကို အသံအနိမ့်အမြင့်၊အတိုအရှည် မှန်ကန်စွာဖြင့် သာယာစွာ မှုတ်နိုင်ပြီး ဒို ရေ မီ အသံ (၃)သံပါသော တေးကဗျာများကို ပလွေဖြင့် မှုတ်နိုင်စေရန် ဖြစ်ပါသည်။

အထက်ပါရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စွာ သင်ကြားနိုင်ရန် အထူးရည်ရွယ်၍ ကလေးများ၏ အသက်အရွယ်နှင့် လိုက်ဖက်သည့် သီဆိုလှုပ်ရှားမှုများ၊ ကိုယ်ပိုင်ဟန်နှင့် ဖန်တီးတီထွင်မှုစွမ်းရည်များကို စေ့ဆော်ပေးနိုင်သည့် သင်နည်းများ၊ သင်ကြားမှုလုပ်ငန်းများဖြင့် ဤဆရာလမ်းညွှန်ကို ပြုစုထားပါသည်။ သို့ပါ၍ ဆရာများအနေဖြင့် သင်ခန်းစာမသင်ကြားမီ ဆရာလမ်းညွှန်စာအုပ်ပါ အကြောင်းအရာများကို ကြိုတင်ဂရုတစိုက်လေ့လာထားရန် တိုက်တွန်းအပ်ပါသည်။

ကလေးများအား အနုပညာ(ဂီတ)ဘာသာရပ် သင်ကြားပေးရခြင်းဖြင့် ကလေးများသည်ကျောင်းနေပျော်၍ သင်ယူလိုစိတ် ထက်သန်လာမည်ဖြစ်ပြီး ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့လာမည်ဖြစ်ပါသည်။ ထို့အပြင်အများနှင့် ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်တတ်သော ဂီတအနုပညာရပ်များကို ခံစားတန်ဖိုးထားသူများအဖြစ် ပြုစုပျိုးထောင်နိုင်မည်ဖြစ်ပါသည်။

### ၂။ ဆရာလမ်းညွှန် ဖွဲ့စည်းတည်ဆောက်ပုံ

ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ခန်းစာတစ်ခုချင်းစီကို အောက်ပါအပိုင်းကဏ္ဍ (၈)ခုဖြင့် ပြုစုထားပါသည်။

(၁) သင်ခန်းစာခေါင်းစဉ်

(၂) ရည်ရွယ်ချက်

(၃) သင်ယူမှု ဦးတည်ချက်

(၄) သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

(၅) သင်ကြားသင်ယူမှု လုပ်ငန်းစဉ်

(၆) သတိပြုရမည့်အချက်များ

(၇) ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ

(၈) စစ်ဆေးအကဲဖြတ်ချက်

DBE Box — Copyright Protected

# ဆရာလမ်းညွှန် ဖွဲ့စည်းတည်ဆောက်ပုံ

**(၁)သင်ခန်းစာခေါင်းစဉ်**

**(၂)ရည်ရွယ်ချက်**

**(၃)သင်ယူမှုဦးတည်ချက်**

**(၄)သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**
စာသင်ချိန်အတွင်းလိုအပ်သည့် သင်ထောက်ကူပစ္စည်းများ စာရင်းဖြစ်ပါသည်။

**(၅)သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**
သင်ကြားမှုအကြောင်းအရာနှင့် သင်ကြားရမည့် နည်းလမ်းများကို ပေါင်း၍ရေးသားထားပါသည်။ စာသင်ချိန်တစ်ချိန်အား နိဒါန်း၊ လုပ်ငန်းစဉ်နှင့် နိဂုံးဟူ၍ အပိုင်း(၃)ပိုင်းခွဲကာ ရေးထားပါသည်။

**(၆)သတိပြုရမည့်အချက်များ**
သင်ကြားသည့်အခါ စိတ်ဝင်စားစွာဖြင့် လေ့လာသင်ယူနိုင်စေရန် လိုအပ်သည်များကို စဉ်းစားကာ ရေးထားပါသည်။ သင်ကြားရာတွင် ပိုမိုထိရောက်နိုင်စေရန် လိုအပ်နိုင်သည့် အချက်များကိုလည်း ဖော်ပြထားပါသည်။

**(၇)ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ**
ကျောင်းသားကိုင်စာအုပ်ပါသင်ခန်းစာသည် ဆရာများအနေဖြင့် သင်ခန်းစာသင်ကြားရာတွင် ကိုးကားနိုင်ရန် ဖြစ်ပါသည်။

၁ **အခန်း(၁) ပန်းသည်**

**ရည်ရွယ်ချက်** – ကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ခံစားသီဆို သရုပ်ဖော်တတ်ရန်ဖြစ်သည်။ ၂

**စာသင်ချိန်** – ၁/၅

**သင်ယူမှုဦးတည်ချက်** ၃

တေးကဗျာ၏ အဓိပ္ပာယ်ကိုသိရှိပြီး ခံစားသီဆိုတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ** ၄

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

၅ **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**နိဒါန်း**

- ဆရာက ကလေးများကို အောက်ပါမေးခွန်းမေး၍သင်ခန်းစာအား နိဒါန်းပျိုးပါမည်။
- သားတို့ သမီးတို့ မနက်ခင်းအိပ်ရာထဖို့ ဘယ်သူက နှိုးသလဲ။ (ဖြေလိုသူကလေး (၄-၅)ဦးခန့်ကို ဖြေဆိုပါစေ။ အိပ်ရာထဖို့ နှိုးပေးသူအမျိုးမျိုးရှိနိုင်ကြောင်းပြောပြပါ။)(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဒီနေ့တော့ မမက သူ့မောင်လေးကို အိပ်ရာကထဖို့ နှိုးတဲ့ကဗျာကို ရွတ်ဆိုကြည့်ကြမယ်ဟု ပြောပြီး ဆရာက အသံနေအသံထား မှန်ကန်စွာဖြင့် ပန်းသည်ကဗျာကို (၃)ကြိမ်ခန့် သီဆိုပြမည်။
- ထို့နောက် ဆရာက တေးကဗျာစာသား နှစ်ကြောင်းစီဆိုပြပြီး ကလေးများအား လိုက်ဆိုစေမည်။ တေးကဗျာတစ်ပုဒ်လုံး ဆုံးသည်အထိ ဤနည်းအတိုင်းလိုက်ဆိုစေပါမည်။
- ကလေးများအား အဖွဲ့ဖွဲ့ပေးပြီး ကိုယ်တိုင်သီဆိုစေပါမည်။
- ဆရာက ပန်းသည်ကဗျာကို နှစ်ကြောင်းစီခွဲ၍ ကလေးများအား အဓိပ္ပာယ်မေးမည်။ ဆရာက ကဗျာ၏ အဓိပ္ပာယ်ကို ပြည့်စုံစွာ ရှင်းပြပါ။
- ကဗျာတစ်ပုဒ်လုံးကို နားထောင်ပြီး ကလေးများ မည်ကဲ့သို့ခံစားရသည်ကို စဉ်းစားပြီး ပြောပြစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- ပန်းသည် တေးကဗျာကို အဖွဲ့လိုက် ခံစားသီဆိုစေမည်။ တစ်အုပ်စုသီဆိုနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုအားပေးစေမည်။(၁၀ မိနစ်)



အခန်း(၁) ပန်းသည်

**အခန်း(၁) ပန်းသည်** ၇

**တေးကဗျာကို ပျော်ပျော်ရွှင်ရွှင် ဆိုကြမယ်**

**ပန်းသည်**

မင်းသုဝဏ်

မောင်လေးရေ ထပါတော့

ရောင်နီ လာလှပေါ့။

တစ်ကျော့ နှစ်ကျော့ တေးကိုသီ

ငှက်ကျား နှုတ်ပလီ။

တောင်ဆီနားက ခရေပန်း

ပင်အောက် ကြိုင်လို့လန်း။

ဗန်းကလေးယူခဲ့ မောင်လေးရယ်

သွားကောက် ချေစို့ကွယ်။

ပန်းသည်လုပ်စို့ တပြုံးပြုံး

ပန်းတွေ တကုံးကုံး။

၁

**သတိပြုရမည့်အချက်များ** ၆

- ပထမဆုံးသင်ခန်းစာဖြစ်၍ ပျော်ရွှင်စွာသီဆိုနိုင်စေရန် သင်ကြားပေးရပါမည်။
- တစ်ဖွဲ့သီဆိုပြီးတိုင်း လက်ခုပ်တီး၍ ချီးကျူးရမည်။
- ပျော်ပျော်ရွှင်ရွှင် သီဆိုနိုင်စေရန် ဆရာက သီဆိုပြချိန်တွင် ဟန်အမူအရာဖြင့် ဆိုပြနိုင်ပါက ပိုကောင်းပါသည်။
- တပြုံးနှင့် တကုံး နေရာများတွင် အသံတစ်သံတည်း ပူးဆိုရမည်။
- ကဗျာတွင် ပါဝင်သောအချို့စကားလုံးများ၏ အဓိပ္ပာယ်ကို ဆရာက ကလေးများနားလည်စေရန် သေချာစွာရှင်းပြပေးပါ။ ဥပမာ -

ရောင်နီ = နံနက်စောစောပေါ် ထွက်စ နီမြန်းသော နေရောင်ခြည် (မြန်မာအဘိဓာန်)

ငှက်ကျား = ရေစပ်နားတွင် ကျက်စားတတ်သော အဖြူအနက်ကျားသောအတောင်ပံရှိ ငှက်ကြီးတစ်မျိုး (မြန်မာအဘိဓာန်)

နှုတ်ပလီ = ငှက်ကလေး၏ ချစ်စဖွယ်အော်မြည်သံ

တောင်ဆီနား = တောင်ဘက်အရပ်နား

**စစ်ဆေးအကဲဖြတ်ချက်** ၈

- တေးကဗျာ၏ အဓိပ္ပာယ်ကိုသိရှိပြီး သီဆိုနိုင်သည်။

၈ ပန်းသည်

**(၈)စစ်ဆေးအကဲဖြတ်ချက်**
သင်ကြားမှုရည်ရွယ်ချက်ပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ချက်အား ရေးသားပြုစုထားပါသည်။ (သင့်အဆင့်)ကို ဖော်ပြထားပြီး၊ သင့်အဆင့်ထက် သာလွန်၍ ပြုလုပ်တတ်လျှင် (ကောင်းအဆင့်)၊ သင့်အဆင့်အောက် အနည်းငယ်နိမ့်လျှင် (ကြိုးစားရန်) ဟူ၍ သတ်မှတ်ပါ။

DBE Box – Copyright Protected

## ၄။ ထိရောက်သော သင်ကြားမှု

ဒုတိယတန်း အနုပညာ(ဂီတ)ဘာသာရပ်တွင် နယ်ပယ် (၃)ခုပါဝင်ပါသည်။ နယ်ပယ်အလိုက် သင်ခန်းစာတစ်ခုချင်းစီကို ထိရောက်အောင်မြင်စွာ သင်ကြားပြသနိုင်ရန် အရေးကြီးသောအချက်အလက်များနှင့် သတိပြုရမည့်အချက်များကို ဤဆရာလမ်းညွှန်စာအုပ်တွင် စုစည်းတင်ပြထားပါသည်။

သို့ပါ၍ ဆရာများအနေဖြင့် အနုပညာ(ဂီတ)ဘာသာရပ်ကို သင်ကြားရာတွင် ထိရောက်မှုရှိစေရန် သင်ခန်းစာအလိုက် ပြုစုထားသည့် ဆရာလမ်းညွှန်စာအုပ်ပါ အကြောင်းအရာများကို ကြိုတင်ဖတ်ရှု ပြင်ဆင်ထားရန် လိုအပ်ပါသည်။

အနုပညာ(ဂီတ)ဘာသာရပ်၏ စာသင်ချိန်တစ်ချိန်မှာ မိနစ် (၄၀) ဖြစ်ပြီး ယေဘုယျအားဖြင့် သင်ခန်းစာများကို နိဒါန်း၊ သင်ကြားမှုသင်ယူမှု လုပ်ငန်းစဉ် နှင့် နိဂုံးဟူ၍ အပိုင်း (၃)ပိုင်း ခွဲကာ ဖော်ပြထားပါသည်။

နိဒါန်းပိုင်းကို ကလေးများ၏ လေ့လာသင်ယူလိုစိတ်ပိုမိုဖြစ်ထွန်းလာစေရန် ကောင်းမွန်စွာ ပြင်ဆင်ထားရပါမည်။ သို့မှသာ သင်ကြားပြသရာတွင် ကလေးများ၏စိတ်ဝင်စားမှုကို ကောင်းစွာရရှိနိုင်ပြီး သင်ခန်းစာကိုလည်း ထိရောက် အောင်မြင်စွာ သင်ကြားနိုင်ရန်အစပျိုးနိုင်မည်ဖြစ်ပါသည်။ နိဒါန်းပိုင်းမှာ အချိန် (၅)မိနစ်မှ (၇)မိနစ်ခန့်သုံးသင့်ပါသည်။

သင်ကြားမှုသင်ယူမှုလုပ်ငန်းစဉ်သည် သင်ခန်းစာတစ်ခုလုံး၏အရေးကြီးသော အစိတ်အပိုင်းဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် ကလေးများအား မည်ကဲ့သို့ သရုပ်ဖော်သီဆိုကပြမည်ကို စဉ်းစားစေခြင်း၊ ကလေးအချင်းချင်း အပြန်အလှန်ဆွေးနွေးစေခြင်းတို့ပါဝင်သဖြင့် ဆရာနှင့် ကလေးများအတွက် အလွန်အရေးပါသော လုပ်ငန်းဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ဆရာများအနေဖြင့် ကလေးများကို လွတ်လပ်စွာ စဉ်းစားခွင့်၊ ဆွေးနွေးခွင့်များ ပေးရပါမည်။ စာသင်ခန်းအတွင်း အများနှင့်မတူ စဉ်းစားတွေးခေါ်တတ်သော၊ တင်ဆက်ပြသတတ်သော ကလေးများရှိခဲ့ပါက ထိုကလေးများ၏ တွေးခေါ်မှုနှင့် တင်ဆက် ပြသမှုများကို အခြားကလေးများအား လေ့လာစေပါမည်။ ဆရာများအနေဖြင့် ကလေးအချင်းချင်း ပူးပေါင်းဆောင်ရွက်ကာ လေ့လာသင်ယူခြင်းကို အားပေးသင်ကြားခြင်းမှာလည်း အရေးကြီးပါသည်။

စာသင်ချိန်တစ်ချိန် ပြီးဆုံးသွားသည့်အချိန်တိုင်း ကလေးများသည် ပြန်လည်သုံးသပ်သည့်အနေဖြင့် လေ့လာသင်ယူခဲ့သော အကြောင်းအရာများကို အဖွဲ့လိုက်သော်လည်းကောင်း စုပေါင်း၍သော်လည်းကောင်း ဆောင်ရွက်ရသည့်လုပ်ငန်းများဖြင့် သင်ခန်းစာကို နိဂုံးချုပ်ထားပါသည်။

ဆရာများအနေဖြင့် သင်ခန်းစာ လေ့ကျင့်သင်ကြားရာတွင် ဆရာကိုင်စာအုပ်တွင်ထည့်သွင်းရေးသားထားသော လုပ်ငန်းများအပြင် ပိုမိုကောင်းမွန်သည့် အကြံဉာဏ်များ ရှိပါက ယင်းအကြံဉာဏ်များကိုပါ ထည့်သွင်း၍ လေ့ကျင့်သင်ကြားပေးနိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင် ဆက်လက်လေ့ကျင့်ရန် သီချင်းများကို အောက်ပါ ရည်ရွယ်ချက် (၃)ခု ဖြင့် ထည့်သွင်းဖော်ပြထားပါသည်-

- ဒုတိယတန်းတွင် အသစ်ပါသော ဂီတသင်္ကေတအသုံးအနှုန်းများကို ဆက်လက်လေ့ကျင့်ပြီး ပိုမိုကျွမ်းကျင်စေရန်
- သင်ခန်းစာများသင်ယူရာတွင် သတ်မှတ်အချိန်ထက် ပိုမိုစောလျင်စွာ ကလေးများ တတ်မြောက်ခဲ့ပါက တိုးချဲ့လေ့ကျင့်နိုင်ရန်
- ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာများဖြင့် သင်ယူရာတွင် အခက်အခဲရှိသော ကလေးများအတွက် လွယ်ကူသော သီချင်းများဖြင့် အခြေခံကို လေ့လာသင်ယူနိုင်ရန်

ဥပမာ-

(၁) အဆိုသင်ခန်းစာ၏ ကစားကြမယ် တေးကဗျာမှာ ဒါး ဒွါ Rhythm ပုံစံအသစ်ကို ပိုမိုကျွမ်းကျင်စေရန်အတွက် ဆက်လက်လေ့ကျင့်နိုင်ရန်ဖြစ်သည်။

(၂) အတီးသင်ခန်းစာ၏ သားသားမီးမီး တေးကဗျာမှာ ဒို မှ ဆို အထိ လက်ကွက်ကို မကျွမ်းကျင်သေးသူများအတွက် ဆက်လက် လေ့ကျင့်နိုင်ရန်ဖြစ်သည်။

ဆရာသည် ကလေးများ၏ အခြေအနေပေါ်မူတည်၍ ဤသင်ခန်းစာများကို ဆက်လက်သင်ကြားပေးနိုင်ပါသည်။

DBE Box – Copyright Protected

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# အနုပညာ(ဂီတ)
# ဒုတိယတန်း
# ဆရာလမ်းညွှန်



DBE Box — Copyright Protected

၂၀၁၈–၂၀၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# အနုပညာ(ဂီတ)
## ဒုတိယတန်း
# ဆရာလမ်းညွှန်

DBE Box – Copyright Protected

၂၀၁၈–၂၀၁၉

DBE Box — Copyright Protected

CREATE

ပညာ

JICA

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၏ အခြေခံပညာမူလတန်းသင်ရိုးညွှန်းတမ်းအသစ်များ ရေးဆွဲပြုစုအကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းတွင် ဂျပန်နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) က နည်းပညာပံ့ပိုးကူညီမှုပေးပါသည်။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၁။ | ဆရာများအတွက်အမှာစာ | |
| | ၁. ၁။ ရည်ရွယ်ချက် | ၁ |
| | ၁. ၂။ ဆရာလမ်းညွှန် ဖွဲ့စည်းတည်ဆောက်ပုံ | ၁ |
| | ၁. ၃။ ဒုတိယတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှု | ၃ |
| | ၁. ၄။ ထိရောက်သော သင်ကြားမှု | ၄ |
| | ၁. ၅။ စစ်ဆေးအကဲဖြတ်ခြင်း | ၅ |
| ၂။ | သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန် | |
| | ၂. ၁။ အခန်း(၁) ပန်းသည် | ၇ |
| | ၂. ၂။ အခန်း(၂) မင်္ဂလာပါ | ၁၃ |
| | ၂. ၃။ အခန်း(၃) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၁) | ၁၉ |
| | ၂. ၄။ အခန်း(၄) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၂) | ၂၅ |
| | ၂. ၅။ အခန်း(၅) အသံအနိမ့်အမြင့်ခွဲခြားခြင်း | ၃၁ |
| | ၂. ၆။ အခန်း(၆) ညီညီလေးရဲ့လ | ၃၇ |
| | ဂီတဝေါဟာရများ (ဒုတိယတန်း) | ၄၃ |


DBE Box - Copyright Protected

# ဆရာများအတွက်အမှာစာ

## ဆရာလမ်းညွှန်အသုံးပြုပုံ

### ၁။ ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်စာအုပ်ကို ဆရာများအနေဖြင့် ဒုတိယတန်း အနုပညာ(ဂီတ)ဘာသာရပ် သင်ကြားရာတွင် အထောက် အကူပြုနိုင်ရန် ရေးသားပြုစုထားပါသည်။

အနုပညာ(ဂီတ)ဘာသာရပ်ကို နယ်ပယ် (၃)ခု ဖြင့်ဖွဲ့စည်းထားပါသည်။ ၎င်းတို့မှာ အဆိုအကနှင့် အတီး တို့ဖြစ်ပါသည်။ ဒုတိယတန်း **အဆိုသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ** သီချင်းကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်နှင့် ကလေးများ၏အသက်အရွယ်နှင့်သင့်လျော်သော ကမ္ဘာ့ဂီတသင်္ကေတတို့ကို လေ့လာနိုင်ရန် ဖြစ်ပါသည်။ **အကသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ** မြန်မာ့အခြေခံ လက်အကများကို ခေါင်းလှုပ်ရှားမှုနှင့်တွဲ၍ စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကပြနိုင်ရန် ဖြစ်ပါသည်။ **အတီးသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ** ပလွေတူရိယာဖြင့် ဂီတသင်္ကေတများကို အသံအနိမ့်အမြင့်၊အတိုအရှည် မှန်ကန်စွာဖြင့် သာယာစွာ မှုတ်နိုင်ပြီး ဒို ရေ မီ အသံ (၃)သံပါသော တေးကဗျာများကို ပလွေဖြင့် မှုတ်နိုင်စေရန် ဖြစ်ပါသည်။

အထက်ပါရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စွာ သင်ကြားနိုင်ရန် အထူးရည်ရွယ်၍ ကလေးများ၏ အသက်အရွယ်နှင့် လိုက်ဖက်သည့် သီဆိုလှုပ်ရှားမှုများ၊ ကိုယ်ပိုင်ဟန်နှင့် ဖန်တီးတီထွင်မှုစွမ်းရည်များကို စေ့ဆော်ပေးနိုင်သည့် သင်နည်းများ၊ သင်ကြားမှုလုပ်ငန်းများဖြင့် ဤဆရာလမ်းညွှန်ကို ပြုစုထားပါသည်။ သို့ပါ၍ ဆရာများအနေဖြင့် သင်ခန်းစာမသင်ကြားမီ ဆရာလမ်းညွှန်စာအုပ်ပါ အကြောင်းအရာများကို ကြိုတင်ဂရုတစိုက်လေ့လာထားရန် တိုက်တွန်းအပ်ပါသည်။

ကလေးများအား အနုပညာ(ဂီတ)ဘာသာရပ် သင်ကြားပေးရခြင်းဖြင့် ကလေးများသည်ကျောင်းနေပျော်၍ သင်ယူလိုစိတ် ထက်သန်လာမည်ဖြစ်ပြီး ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့လာမည်ဖြစ်ပါသည်။ ထို့အပြင်အများနှင့် ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်တတ်သော ဂီတအနုပညာရပ်များကို ခံစားတန်ဖိုးထားသူများအဖြစ် ပြုစုပျိုးထောင်နိုင်မည်ဖြစ်ပါသည်။

### ၂။ ဆရာလမ်းညွှန် ဖွဲ့စည်းတည်ဆောက်ပုံ

ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ခန်းစာတစ်ခုချင်းစီကို အောက်ပါအပိုင်းကဏ္ဍ (၈)ခုဖြင့် ပြုစုထားပါသည်။

(၁) သင်ခန်းစာခေါင်းစဉ်

(၂) ရည်ရွယ်ချက်

(၃) သင်ယူမှု ဦးတည်ချက်

(၄) သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

(၅) သင်ကြားသင်ယူမှု လုပ်ငန်းစဉ်

(၆) သတိပြုရမည့်အချက်များ

(၇) ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ

(၈) စစ်ဆေးအကဲဖြတ်ချက်

DBE Box — Copyright Protected

## ၃။ ဒုတိယတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှု

ဒုတိယတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### ဒုတိယတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှု

| လ | ရက်သတ္တပတ် | နယ်ပယ် | သင်ခန်းစာ | စာသင်ချိန် |
|---|---|---|---|---|
| ဇွန် | ပထမပတ် မှ စတုတ္ထပတ် ထိ | အဆို | အခန်း(၁) ပန်းသည် | ၅ |
| ဇူလိုင် | ပထမပတ် | | | |
| | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အဆို | အခန်း(၂) မင်္ဂလာပါ | ၅ |
| သြဂုတ် | ပထမပတ် မှ ဒုတိယပတ် ထိ | | | |
| | တတိယပတ် မှ စတုတ္ထပတ် ထိ | အက | အခန်း(၃) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၁) | ၅ |
| စက်တင်ဘာ | ပထမပတ် မှ တတိယပတ် ထိ | | | |
| | စတုတ္ထပတ် | အတီး | အခန်း(၅) အသံအနိမ့်အမြင့်ခွဲခြားခြင်း<br>(သီတင်းကျွတ်ကျောင်းပိတ်ရက်၊ အောက်တိုဘာ တတိယပတ်မှ စတုတ္ထပတ်အထိ) | ၅ |
| အောက်တိုဘာ | ပထမပတ် မှ ဒုတိယပတ် ထိ | | | |
| နိုဝင်ဘာ | ပထမပတ် မှ ဒုတိယပတ် ထိ | | | |
| | တတိယပတ် မှ စတုတ္ထပတ် ထိ | အက | အခန်း(၄)အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၂)<br>(ဒီဇင်ဘာလကျောင်းပိတ်ရက်၊ စတုတ္ထပတ်မှ ဇန်နဝါရီလ ပထမပတ်အထိ) | ၅ |
| ဒီဇင်ဘာ | ပထမပတ် မှ တတိယပတ် ထိ | | | |
| ဇန်နဝါရီ | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အတီး | အခန်း (၆) ညီညီလေးရဲ့လ | ၅ |
| ဖေဖော်ဝါရီ | ပထမပတ် မှ ဒုတိယပတ် ထိ | | | |
| စုစုပေါင်း | | | ၃၀ + (အရန်သင်ကြားချိန် ၆ချိန်) | |

**(အချိန်ထပ်မံလိုအပ်သော သင်ယူမှုလုပ်ငန်းများအတွက် အရန်သင်ကြားချိန်ကို အသုံးပြုနိုင်ပါသည်။)**

DBE Box – Copyright Protected

## သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

### ၂.၁။ အခန်း(၁) ပန်းသည်

ဒုတိယတန်း (ဇွန်လ ပထမပတ်မှ ဇူလိုင်လ ပထမပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ပန်းသည် |
| ရည်ရွယ်ချက် | ကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ခံစားသီဆို သရုပ်ဖော်တတ်ရန် ဖြစ်သည်။ |
| သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ။ |
| သင်ကြားမည့်အကြောင်းအရာ | - တေးကဗျာ၏ အဓိပ္ပာယ်ကိုသိရှိပြီး ခံစားသီဆိုမည်။<br>- လေးချက်စည်း Rhythm ပုံစံအသစ်ကို လက်ခုပ်ဖြင့် စည်းချက် မှန်ကန်စွာ တီးမည်။<br>- တေးကဗျာ၏ ဂီတသင်္ကေတများကို အသံအနိမ့်အမြင့် မှန်ကန်စွာ ရွတ်ဆိုမည်။<br>- ဒို ရေ မီ သံစဉ်အနိမ့်အမြင့်ကို လက်ဟန်ဖြင့် သရုပ်ပြမည်။<br>- အဖွဲ့လိုက် ခံစားသီဆို သရုပ်ဖော်မည်။<br>ဤသင်ခန်းစာတွင် စည်းချက်ကျကျ သီဆိုနိုင်ရန် သင်ကြားမည်။ သင်ခန်းစာ (၁)နှင့် (၂)တွင် သီချင်းတေးစာသားကို သိရှိနားလည်ကာ၊ တေးသွား (Melody)ကို သီဆိုနိုင်ရန် သင်ကြားမည်။ စာသင်ချိန် (၃)နှင့် (၄)တွင် ခရော့ချက်ရပ်နားသင်္ကေတ (Crotchet Rest)ပါသော ဒါး ဒါ Rhythm ကို အသံထွက်ဖြင့် တေးသွား (Melody)ကို သီဆိုမည်။သင်ခန်းစာ (၅)တွင် သီချင်းစာသားမှ ခံစားမိသော "မောင်နှမသံယောဇဉ်၊ မိသားစု၏ နွေးထွေးသောချစ်မေတ္တာ၊ အရုဏ်တက်စအချိန်၏ ကြည်နူးဖွယ်ပတ်ဝန်းကျင်၊ သင်းပျံ့သော ပန်းရနံ့ကို ရှူရှိုက်မိသောအချိန်ရှိ ခံစားမှု" စသည့်ခံစားချက်များကို ထည့်သွင်းကာ၊ အဖွဲ့လိုက်သီဆိုဖျော်ဖြေမည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် (၅) ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (သင့်အဆင့်) |
|---|---|---|
| ၁။ | တေးကဗျာ၏ အဓိပ္ပာယ်ကိုသိရှိပြီး ခံစားသီဆိုတတ်ရန်။ | တေးကဗျာ၏ အဓိပ္ပာယ်ကိုသိရှိပြီး သီဆိုနိုင်သည်။ |
| ၂။ | လေးချက်စည်းဖြင့် Rhythm ပုံစံအသစ်ကို လက်ခုပ်ဖြင့် စည်းချက် မှန်ကန်စွာ တီးတတ်ရန်။ | ပထမဘားမှ တတိယဘားအထိ Rhythm ရိုက်ချက်ကို လက်ခုပ်ဖြင့်ပျော်ရွှင်စွာ ရိုက်နိုင်သည်။ |
| ၃။ | တေးကဗျာ၏ ဂီတသင်္ကေတများကို အသံအနိမ့်အမြင့် မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။ | ပန်းသည်တေးကဗျာ၏ ပထမဘားမှ စတုတ္ထဘားအထိ ဒို ရေ မီ သင်္ကေတများကို မှန်ကန်စွာ သီဆိုနိုင်သည်။ |
| ၄။ | ဒို ရေ မီ သံစဉ်အနိမ့်အမြင့်ကို လက်ဟန်ဖြင့် သရုပ်ပြတတ်ရန်။ | ဒို ရေ မီ သရုပ်ဖော်ဟန်ကို ပထမဘားမှ စတုတ္ထဘားအထိ ပျော်ရွှင်စွာ ပြုလုပ်နိုင်သည်။ |
| ၅။ | အဖွဲ့လိုက် ခံစားသီဆို သရုပ်ဖော်တတ်ရန်။ | ကဗျာ၏အဓိပ္ပာယ်ကို ခံစားချက်ဖြင့် သီဆိုသရုပ်ဖော်နိုင်သည်။ |

DBE Box _ Copyright Protected

## အခန်း(၁) ပန်းသည်

**ရည်ရွယ်ချက်** – ကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ခံစားသီဆို သရုပ်ဖော်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၁/၅

### သင်ယူမှုဦးတည်ချက်

တေးကဗျာ၏ အဓိပ္ပာယ်ကိုသိရှိပြီး ခံစားသီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ကလေးများကို အောက်ပါမေးခွန်းမေး၍သင်ခန်းစာအား နိဒါန်းပျိုးပါမည်။
- သားတို့ သမီးတို့ မနက်ခင်းအိပ်ရာထဖို့ ဘယ်သူက နှိုးသလဲ။ (ဖြေလိုသူကလေး (၄-၅)ဦးခန့်ကို ဖြေဆိုပါစေ။ အိပ်ရာထဖို့ နှိုးပေးသူအမျိုးမျိုးရှိနိုင်ကြောင်းပြောပြပါ။)(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဒီနေ့တော့ မမက သူ့မောင်လေးကို အိပ်ရာကထဖို့ နှိုးတဲ့ကဗျာကို ရွတ်ဆိုကြည့်ကြမယ်ဟု ပြောပြီး ဆရာက အသံနေအသံထားမှန်ကန်စွာဖြင့် ပန်းသည်ကဗျာကို (၃)ကြိမ်ခန့် သီဆိုပြမည်။
- ထို့နောက် ဆရာက တေးကဗျာစာသား နှစ်ကြောင်းစီဆိုပြပြီး ကလေးများအား လိုက်ဆိုစေမည်။ တေးကဗျာတစ်ပုဒ်လုံး ဆုံးသည်အထိ ဤနည်းအတိုင်းလိုက်ဆိုစေပါမည်။
- ကလေးများအား အဖွဲ့ဖွဲ့ပေးပြီး ကိုယ်တိုင်သီဆိုစေပါမည်။
- ဆရာက ပန်းသည်ကဗျာကို နှစ်ကြောင်းစီခွဲ၍ ကလေးများအား အဓိပ္ပာယ်မေးမည်။ ဆရာက ကဗျာ၏ အဓိပ္ပာယ်ကို ပြည့်စုံစွာ ရှင်းပြပါ။
- ကဗျာတစ်ပုဒ်လုံးကို နားထောင်ပြီး ကလေးများ မည်ကဲ့သို့ခံစားရသည်ကို စဉ်းစားပြီး ပြောပြစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- ပန်းသည် တေးကဗျာကို အဖွဲ့လိုက် ခံစားသီဆိုစေမည်။ တစ်အုပ်စုသီဆိုနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုအားပေးစေမည်။(၁၀ မိနစ်)

အခန်း(၁) ပန်းသည်

**အခန်း(၁) ပန်းသည်**

**တေးကဗျာကို ပျော်ပျော်ရွှင်ရွှင် ဆိုကြမယ်**

**ပန်းသည်**

မင်းသုဝဏ်




မောင်လေးရေ ထပါတော့

ရောင်နီ လာလှပေါ့။

တစ်ကျော့ နှစ်ကျော့ တေးကိုသီ

ငှက်ကျား နှုတ်ပလီ။




တောင်ဆီနားက ခရေပန်း

ပင်အောက် ကြိုင်လို့လန်း။

ဗန်းကလေးယူခဲ့ မောင်လေးရယ်

သွားကောက် ချေစို့ကွယ်။



ပန်းသည်လုပ်စို့ တပြုံးပြုံး

ပန်းတွေ တကုံးကုံး။

၁

### သတိပြုရမည့်အချက်များ

- ပထမဆုံးသင်ခန်းစာဖြစ်၍ ပျော်ရွှင်စွာသီဆိုနိုင်စေရန် သင်ကြားပေးရပါမည်။
- တစ်ဖွဲ့သီဆိုပြီးတိုင်း လက်ခုပ်တီး၍ ချီးကျူးရမည်။
- ပျော်ပျော်ရွှင်ရွှင် သီဆိုနိုင်စေရန် ဆရာက သီဆိုပြချိန်တွင် ဟန်အမူအရာဖြင့် ဆိုပြနိုင်ပါက ပိုကောင်းပါသည်။
- တပြုံးနှင့် တကုံး နေရာများတွင် အသံတစ်သံတည်း ပူးဆိုရမည်။
- ကဗျာတွင် ပါဝင်သောအချို့စကားလုံးများ၏ အဓိပ္ပာယ်ကို ဆရာက ကလေးများနားလည်စေရန် သေချာစွာရှင်းပြပေးပါ။ ဥပမာ -

ရောင်နီ = နံနက်စောစောပေါ်ထွက်စ နီမြန်းသော နေရောင်ခြည် (မြန်မာအဘိဓာန်)

ငှက်ကျား = ရေစပ်နားတွင် ကျက်စားတတ်သော အဖြူအနက်ကျားသောအတောင်ပံရှိ ငှက်ကြီးတစ်မျိုး (မြန်မာအဘိဓာန်)


နှုတ်ပလီ = ငှက်ကလေး၏ ချစ်စဖွယ်အော်မြည်သံ

တောင်ဆီနား = တောင်ဘက်အရပ်နား

### စစ်ဆေးအကဲဖြတ်ချက်

- တေးကဗျာ၏ အဓိပ္ပာယ်ကိုသိရှိပြီး သီဆိုနိုင်သည်။

DBE Box - Copyright Protected




## အခန်း(၁) ပန်းသည်

**ရည်ရွယ်ချက်** – ကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ခံစားသီဆို သရုပ်ဖော်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၂/၅

### သင်ယူမှုဦးတည်ချက်

လေးချက်စည်းဖြင့် Rhythm ပုံစံအသစ်ကို လက်ခုပ်ဖြင့် စည်းချက် မှန်ကန်စွာ တီးတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ Rhythm သင်္ကေတပြသင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ပထမတန်းသင်ခန်းစာမှ သင်္ကေတများ၏အဓိပ္ပာယ်ကို ကလေးများ ပိုမိုနားလည်စေရန် ထပ်မံရှင်းပြပြီး ရိုက်ချက်သင်္ကေတများကို ပြန်လည်လေ့ကျင့်စေပါမည်။(၅ မိနစ်)




**လုပ်ငန်းစဉ်**


- သင်ထောက်ကူကားချပ်ကို ပြ၍ ကျောင်းသုံးစာအုပ်ရှိ Rhythm ရိုက်ချက် တစ်ဘားချင်းစီကို အစဉ်လိုက်ရှင်းပြမည်။
- ဆရာက ပထမဘားမှတတိယဘားအထိ ဒါး ဒါ့ အသံထွက်ဖြင့် Rhythm ရိုက်ချက်ကို (၃)ကြိမ်ခန့်ရွတ်ဆိုမည်။ ဆရာက တစ်ဘားချင်းစီရွတ်ဆိုပြီးမှ ကလေးများကို လိုက်ဆို၍ လေ့ကျင့်စေမည်။ ထို့နောက် ကလေးများကိုယ်တိုင် ရွတ်ဆိုစေမည်။
- ဆရာက ပထမဘားကို ဦးစွာ လက်ခုပ်ဖြင့် တီးပြပါ။ ထို့နောက် ဆရာနှင့်အတူ တီးစေပါမည်။ ကလေးများကိုယ်တိုင် လက်ခုပ်တီးစေမည်။



- ဒုတိယဘားရှိ Dotted Crotchet သင်္ကေတများမှာ ရိုက်ချက်တစ်ချက်ခွဲစာ ရှိကြောင်းကို ရှင်းပြပြီး မှန်ကန်စွာတီးနိုင်ရန် သေသေချာချာရှင်းပြမည်။ ဆရာက ဒုတိယဘားကို လက်ခုပ်ဖြင့် တီးပြပါ။ ထို့နောက်ဆရာနှင့်အတူ တီးပါ။ မှန်ကန်စွာ တီးပြီးမှ ကလေးများကိုယ်တိုင်တီးပါစေ။



- တတိယဘားရှိ Quaver သင်္ကေတမှာ ရိုက်ချက်တစ်ချက်တွင် နှစ်ကြိမ်ရိုက်ရကြောင်း ရှင်းပြရပါမည်။ ကလေးများကို ဆရာနှင့်အတူ လက်ခုပ်လိုက်တီးစေမည်။ ထို့နောက် ဆရာမပါဘဲ ကလေးများကိုယ်တိုင် လက်ခုပ်တီးစေပါမည်။(၂၅ မိနစ်)



**နိဂုံး**

- ကလေးများကို အဖွဲ့(၃)ဖွဲ့ ဖွဲ့ပါ။ ပထမအဖွဲ့ကို Rhythm ရိုက်ချက်ရိုက်စေပြီး ဒုတိယအဖွဲ့ကို ဒါး ဒါ့ အသံထွက်ဖြင့် သီဆိုစေပါမည်။ တတိယအဖွဲ့က လက်ခုပ်တီး၍ စည်းချက်လိုက်စေပါမည်။ ဤနည်းအတိုင်းအုပ်စုများကို (၃)မျိုးပြည့်အောင် အလှည့်ကျ ဆောင်ရွက်စေပါမည်။(၁၀ မိနစ်)

### သတိပြုရမည့်အချက်များ

- သင်္ကေတ တန်ဖိုးများကို ကလေးများနားလည်သဘောပေါက်စေရန် ရှင်းပြရမည်။
- လက်ခုပ်ရိုက်ချက်တီးသည့်အခါ ဖြည်းဖြည်းနှင့် မှန်မှန်တီးခတ်ရပါမည်။
- G-1 တွင် ဖြောင်းဟု ဆိုခဲ့သော်လည်း G-2 တွင် သီဆိုရလွယ်ကူစေရန် ဒါး ဒါ့ ဆိုသောအသံအား အစားထိုးအသုံးပြုထားသဖြင့် သင်္ကေတ၏ အသံထွက်အတိုင်း ဒါး ဒါ့ဟု ပြောင်း၍သီဆိုပါ။
- ပထမဘားမှ တတိယဘားအထိ Rhythm ရိုက်ချက်ကို မှတ်မိစေရန် ဒါး ဒါ့အသံထွက်ဖြင့် အရင်ဆိုခိုင်းပါ။
- ဒါး ဒါ့အသံဖြင့် ဆိုတတ်ပြီးမှ Rhythm ရိုက်ချက်ကို လက်ခုပ်တီးစေပါမည်။
- ရပ်နားသင်္ကေတကို သတိထားတီးစေပါမည်။
- Dotted Crotchet ♩. နှင့် Quaver ♪ ကို ပေါင်းစပ်ထားသော ဒါး ဒါ့ Rhythm ကို ကလေးများနားလည်သည်အထိ ရှင်းပြရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- ပထမဘားမှ တတိယဘားအထိ Rhythm ရိုက်ချက်ကို လက်ခုပ်ဖြင့် ပျော်ရွှင်စွာရိုက်နိုင်သည်။

DBE Box – Copyright Protected

## အခန်း(၁) ပန်းသည်

**ရည်ရွယ်ချက်** – ကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ခံစားသီဆို သရုပ်ဖော်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၃/၅


### သင်ယူမှုဦးတည်ချက်

တေးကဗျာ၏ ဂီတသင်္ကေတများကို အသံအနိမ့်အမြင့် မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။





### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ကလေးများနှင့်အတူ ပထမအချိန်တွင် သင်ထားသော ပန်းသည်တေးကဗျာကို စာသားဖြင့် သီဆိုမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဦးစွာ ဆရာက ပန်းသည်တေးကဗျာတစ်ပုဒ်လုံးကို သံစဉ်အနေအထား မှန်ကန်စွာဖြင့် သီဆိုပြမည်။
- ထို့နောက် ပထမဘား နှင့် ဒုတိယဘား ကို စာသားဖြင့်ဆိုပြပြီးနောက် ဒို ရေ မီ သင်္ကေတဖြင့် (၃)ကြိမ်ခန့် ဆိုပြပါမည်။ ထို့နောက်ဆရာနှင့်အတူ သီဆိုစေပါမည်။ ဆရာနှင့်အတူသီဆိုပြီးပါက ဆရာမပါဘဲ ကလေးများကိုယ်တိုင် ဒို ရေ မီ သင်္ကေတဖြင့် သီဆိုစေမည်။
- ထိုနည်းအတိုင်း တတိယဘားနှင့် စတုတ္ထဘားကိုလည်း သင်ပေးပါမည်။
- ပထမဘားမှ စတုတ္ထဘားအထိ ပေါင်း၍ ဒို ရေ မီ သင်္ကေတဖြင့် သီဆိုစေမည်။
- ပဥ္စမဘားမှစ၍ဆရာက ဒါး ဒါ့ အသံထွက်ဖြင့် သီဆိုပြပါမည်။ ထို့နောက် ကလေးများကိုဆရာနှင့်အတူ လိုက်ဆိုစေပါမည်။ ကလေးများကိုယ်တိုင် သီဆိုစေပါမည်။
- Crotchet rest မှာ တစ်ချက်ရပ်နားချက် ဖြစ်ကြောင်း၊ Minim သင်္ကေတမှာ ရိုက်ချက်နှစ်ချက်စာ အသံရှည်ကြောင်းနှင့် Dotted Crotchet သင်္ကေတမှာ ရိုက်ချက်တစ်ချက်နှင့် ၎င်း၏တစ်ဝက်စာအသံရှည်ကြောင်း သေချာစွာရှင်းပြပါ။ (၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့နှစ်ဖွဲ့ခွဲကာ ပထမဘားမှ စတုတ္ထဘားအထိကို ပထမအဖွဲ့အား သီချင်းစာသားဖြင့် သီဆိုစေမည်။ ဒုတိယအဖွဲ့အား ဒို ရေ မီ ဖြင့် သီဆိုစေပါမည်။ ဤနည်းအတိုင်း အလှည့်ကျဆိုစေမည်။(၁၀ မိနစ်)


### သတိပြုရမည့်အချက်များ

- ကလေးများ ဒို ရေ မီ သင်္ကေတအသံနှင့် ရင်းနှီးစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ သင်္ကေတများကို အလွတ်ကျက်ရန် မလိုပါ။
- သီချင်းစာသားကိုသီဆိုပြီးမှ သံစဉ်စကေး ဒို ရေ မီ သင်္ကေတဖြင့် သီဆိုခြင်းက ပို၍ မှတ်ရလွယ်ပါသည်။
- ကလေးများ သတ်မှတ်အချိန်ထက် စော၍ ဆိုနိုင်ပြီး အချိန်ပိုခဲ့ပါက ပဥ္စမဘားမှ နောက်ပိုင်းကိုလည်း သံစဉ်စကေး ဒို ရေ မီ သင်္ကေတဖြင့် ဆိုနိုင်ပါသည်။
- သံစဉ်စကေး ဆိုသည်မှာ ဒို ရေ မီ ဖာ ဆို လာ တီ ဟူသော အသံ(၇)သံ ဖြစ်သည်။ ကလေးများအား သင်ကြားချိန်တွင်သံစဉ်လှေကားပုံစံဖြင့် သင်ကြားရမည်။

### စစ်ဆေးအကဲဖြတ်ချက်

- ပန်းသည်တေးကဗျာ၏ ပထမဘားမှ စတုတ္ထဘားအထိ ဒို ရေ မီ သင်္ကေတများကို မှန်ကန်စွာသီဆိုနိုင်သည်။

DBE Box – Copyright Protected




# အခန်း(၁) ပန်းသည်

**ရည်ရွယ်ချက်** – ကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ခံစားသီဆို သရုပ်ဖော်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၄/၅

## သင်ယူမှုဦးတည်ချက်

ဒို ရေ မီ သံစဉ်အနိမ့်အမြင့်ကို လက်ဟန်ဖြင့် သရုပ်ပြတတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- ကျောင်းသားများအား ပထမတန်းတွင်သင်ကြားခဲ့သော ဒို ရေ မီ သံစဉ် (၇)မျိုးကို လက်ဟန်ဖြင့် ပြန်လည်၍ သရုပ်ပြ လေ့ကျင့်စေပါမည်။(၅ မိနစ်)



**လုပ်ငန်းစဉ်**

- ဒို ရေ မီ လက်ဟန် သရုပ်ဖော် ပုံကားချပ်ကိုပြ၍ ဆရာကတစ်ဘားချင်းစီ၏သင်္ကေတကို လက်ဟန်ဖြင့် ပြုလုပ်ပြပြီးရှင်းပြမည်။
- နှစ်သံထပ်သော နေရာတွင် လက်ကို အပေါ် အောက် လှုပ်ရှားပြပါ။
- ထိုကဲ့သို့ သင်ကြားပြသရာတွင် သင်္ကေတ တစ်ဘားချင်းစီ သင်ပေးပါ။
- ဆရာက အရင်လုပ်ပြပြီး ဆရာနှင့်အတူ ကလေးများကိုလည်း လိုက်လုပ်စေပါမည်။ ထို့နောက်ကလေးများကိုယ်တိုင်ပထမ ဘားမှ စတုတ္ထဘားအထိ တစ်ဘားချင်းစီလိုက်လုပ်စေပါမည်။

ဥပမာ-



ဖာဖာ ၊ ဆိုဆို စသော အသံတူနှစ်ခု သရုပ်ဖော်ရာတွင် လက်ကို အပေါ် အောက် လှုပ်ပါ။ ရပ်နားသင်္ကေတတွင် လက်ကို ပထမတန်းက ရပ်နား ဟိုးသင်္ကေတ လက်ဟန်အတိုင်း ရှေ့ကိုထုတ်ပါ။

- အချိန်ရပါက ပဥ္စမဘား မှ အဋ္ဌမဘားအထိ သင်္ကေတများကို ကြည့်ပြီး လက်ဖြင့်ညီညာစွာ သရုပ်ဖော်စေပါမည်။
- ကလေးအရေအတွက်ပေါ် မူတည်၍ သင့်လျော်သလို အဖွဲ့ ဖွဲ့ကာ အဖွဲ့တိုင်းကို ပထမဘားမှ စတုတ္ထဘား အထိ ဒို ရေ မီ သရုပ်ဖော်ဟန်ဖြင့် သရုပ်ဖော်စေမည်။(၂၅ မိနစ်)

**နိဂုံး**

- ပထမဘားမှ စတုတ္ထဘားအထိ တစ်ဖွဲ့က သင်္ကေတသီဆို၍ တစ်ဖွဲ့က လက်ဟန်ပြုလုပ်စေမည်။ အလှည့်ကျ ပျော်ရွှင်စွာ သရုပ်ဖော်စေမည်။(၁၀ မိနစ်)

## သတိပြုရမည့်အချက်များ

- ဒို ရေ မီ သရုပ်ဖော်ဟန်ဆိုသည်မှာ သံစဉ် အနိမ့် အမြင့်ကို သိရှိစေရန်အတွက် သံစဉ်စကေးအတိုင်း လက်ဟန်ဖြင့် သရုပ်ဖော်ခြင်းဖြစ်သည်။
- ဒို ရေ မီ သင်္ကေတကိုကြည့်၍ လက်ဟန်ဖြင့် သရုပ်ဖော်သင်ကြားမည်။
- သင်္ကေတကို ဖြည်းဖြည်းဆိုပြီး လက်ဟန်ကို ပြုလုပ်ခိုင်းပါ။
- သင်္ကေတ နှစ်သံထပ်သော နေရာတွင် လက်ကို အထက်အောက် လှုပ်ရှားခိုင်းပါ။
- လက်ဟန်ကိုနေရာအတိအကျပြခြင်းမဟုတ်ဘဲ သံစဉ်ရွေ့လျားသည့်အတိုင်း ညင်သာစွာလှုပ်ရှားပါ။
- လက်ဟန်သင်္ကေတတွင် နေရာအတိအကျ မဖြစ်သော်လည်း ပြဿနာမရှိပါ။
- သံစဉ် အနိမ့်အမြင့်သိရှိရန်သာ ဖြစ်သည်။
- အချိန်ရပါကကျန်စာပိုဒ်ကို ဆက်လက်လေ့ကျင့်ပါမည်။
- ပျော်ရွှင်စွာ လှုပ်ရှားသီဆိုပါစေ။

## စစ်ဆေးအကဲဖြတ်ချက်

- ဒို ရေ မီ သရုပ်ဖော်ဟန်ကို ပထမဘားမှ စတုတ္ထဘားအထိပျော်ရွှင်စွာ ပြုလုပ်နိုင်သည်။

DBE Box – Copyright Protected

## အခန်း(၁) ပန်းသည်

**ရည်ရွယ်ချက်** – ကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ခံစားသီဆို သရုပ်ဖော်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

အဖွဲ့လိုက် ခံစားသီဆို သရုပ်ဖော်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ခရေပန်းကုံး၊ ဗန်းတစ်ချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- တေးကဗျာတစ်ပုဒ်လုံးကို သဘောပေါက်နားလည်၍ ခံစားသီဆိုစေမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက သီချင်းစာသားကို အဖွဲ့လိုက် ခံစားသရုပ်ဖော်မည်ဖြစ်ကြောင်း ရှင်းပြပါမည်။
- အဖွဲ့တိုင်းတွင် အစ်မ၊ မောင်လေး၊ ပန်းကောက်မည့်သူ၊ ငှက်ကျားစသည်ဖြင့် သရုပ်ဆောင်မည့်သူများကို ရွေးချယ်သတ်မှတ်ပါမည်။ သတ်မှတ်ပြီးပါက မည်ကဲ့သို့ သရုပ်ဖော်မည်ကို အုပ်စုအလိုက် ဆွေးနွေးစေမည်။ (မောင်လေးက အိပ်နေပြီး အစ်မဖြစ်သူက နှိုးနေပုံ၊ ငှက်ကျား အော်မြည်နေပုံနှင့် ခရေပန်းသွားကောက်ပြီး ပန်းသီကုံးကြပုံ၊ နောက်ဆုံးတွင် အားလုံးအတူတူ ပျော်ပျော်ပါးပါး ပန်းသည်လုပ်တမ်းကစားကြပုံ။)
- ဆွေးနွေးပြီးလျှင် အဖွဲ့တိုင်း အလှည့်ကျသရုပ်ဆောင်စေမည်။
- တစ်ဖွဲ့ကသရုပ်ဆောင်နေစဉ် ကျန်အဖွဲ့များက သီချင်းသီဆိုပေးရပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့တစ်ဖွဲ့ချင်းစီအား မိမိအဖွဲ့များ၏ သရုပ်ဆောင်ပုံနှင့် ပတ်သက်ပြီး မည်သို့ခံစားရမည်ကို ပြောပြစေမည်။(၁၀ မိနစ်)

အခန်း(၁) ပန်းသည်

**အဖွဲ့လိုက်ခံစားချက်ဖြင့် သရုပ်ဖော်မယ်**



၇

### သတိပြုရမည့်အချက်များ

- ကဗျာပါအကြောင်းအရာများနှင့် ကိုက်ညီသည့် သရုပ်ဖော်ဟန်ကိုပြုလုပ်ရင်း ခံစားချက် ထည့်ကာသီဆိုစေမည်။
- အဖွဲ့လိုက်သရုပ်ဖော်ကြသည့်အခါ ဆရာက သရုပ်ဖော်ဟန်များကို တီထွင်၍ သင်ပေးလျှင်လည်းရပါသည်။
- သီဆိုမည့်အဖွဲ့က လက်ခုပ်ဖြင့် စည်းချက်လိုက်ပြီး သီဆိုရမည်။
- သရုပ်ဖော်ချိန်တွင် ခံစားချက်ကို ထည့်သွင်းပြီး သရုပ်ဖော်ရပါမည်။
- ခရေပန်းမရပါက အခြားပန်းများကို ခရေပန်းကဲ့သို့ သီကုံး၍ အသုံးပြုနိုင်ပါသည်။

### စစ်ဆေးအကဲဖြတ်ချက်

- ကဗျာ၏အဓိပ္ပာယ်ကို ခံစားချက်ဖြင့် သီဆိုသရုပ်ဖော်နိုင်သည်။

DBE Box – Copyright Protected

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## ၂.၂။ အခန်း(၂) မင်္ဂလာပါ

ဒုတိယတန်း (ဇူလိုင် ဒုတိယပတ်မှ ဩဂုတ်လ ဒုတိယပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | မင်္ဂလာပါ |
| ရည်ရွယ်ချက် | ကိုယ်ခန္ဓာလှုပ်ရှားသရုပ်ဖော်ပြီး စည်းချက်ကျကျ သီဆိုတတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ။ |
| သင်ကြားမည့်အကြောင်းအရာ | - တေးစာသား၏ အဓိပ္ပာယ်ကို နားလည်ပြီး စည်းချက်ညီညီ သီဆိုမည်။<br>- ဒါး ဒ့ါ Rhythm နှင့် ဒို ရေ မီ သံစဉ်ဖြင့် သီဆိုမည်။<br>- ဒါး ဒ့ါ အသံဖြင့်သီဆိုပြီး ရပ်နားချက် နှစ်ချက်နေရာများတွင် သရုပ်ဖော်လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုသံများ အစားထိုး၍ သီဆိုမည်။<br>- တေးသီချင်းစာသားဖြင့် သီဆိုပြီး၊ ရပ်နားချက် နှစ်ချက်နေရာများတွင် မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြုတီးခတ်ပြီး တေးကဗျာနှင့် လိုက်ဖက်သည့်အသံများကို ဖန်တီးမည်။<br>- အဖွဲ့လိုက်ပူးပေါင်းပြီး လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုမှုများ၊ အသံဖန်တီးမှုများဖြင့် စိတ်ရောကိုယ်ပါ ညီညာစွာ သီဆိုသရုပ်ဖော်မည်။<br>ဤသင်ခန်းစာ၏ သင်ခန်းစာ (၁)နှင့် (၂)တွင် ကဗျာစာသားနှင့် ရုပ်ပုံကိုကြည့်၍ စဉ်းစားမိသော အကြောင်းအရာကို လှုပ်ရှားသရုပ်ဖော် သီဆိုမည်။ သင်ခန်းစာ (၃)တွင် လေးချက်စည်းနှင့်အညီ ဒါး ဒ့ါ Rhythm ကို နားလည်သိရှိကာ သီဆိုမည်။ သင်ခန်းစာ (၄) နှင့် (၅)မှာ လှုပ်ရှားမှု၊ သံပြိုင်သီဆိုမှု၊ အနီးပတ်ဝန်းကျင်ရှိ အရာဝတ္ထုများဖြင့် တီးခတ်သော အသံများကို ပေါင်းစပ်ကာ၊ စည်းချက်လိုက်ရင်းဖြင့် ပျော်ရွှင်စွာ သီဆိုမည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် ၅ ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက်<br>(သင့်အဆင့်) |
|---|---|---|
| ၁။ | တေးစာသား၏ အဓိပ္ပာယ်ကို နားလည်ပြီး စည်းချက်ညီညီ ပျော်ရွှင်စွာ သီဆိုတတ်ရန်။ | တေးစာသား၏အဓိပ္ပာယ်ကို နားလည်သဘောပေါက်ပြီး ပျော်ရွှင်စွာ သီဆိုနိုင်သည်။ |
| ၂။ | ဒါး ဒ့ါ Rhythm နှင့် ဒို ရေ မီ သံစဉ်ကို သံစဉ်မှန်မှန်သီဆိုတတ်ရန်။ | ဒါး ဒ့ါ Rhythm နှင့် ဒို ရေ မီ သံစဉ်ကို သီဆိုနိုင်သည်။ |
| ၃။ | ဒါး ဒ့ါ အသံဖြင့်သီဆိုပြီး ရပ်နားချက် နှစ်ချက်နေရာများတွင် သရုပ်ဖော်လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုသံများ အစားထိုး၍ သီဆိုတတ်ရန်။ | နှစ်ယောက်တစ်တွဲ စဉ်းစားထားသော သရုပ်ဖော်လှုပ်ရှားမှုများအစားထိုးသီဆိုမည့် သံပြိုင်သီဆိုသံများကို အသုံးပြုကာ သီဆိုနိုင်သည်။ |
| ၄။ | တေးသီချင်းစာသားဖြင့် သီဆိုပြီး၊ ရပ်နားချက် နှစ်ချက်နေရာများတွင် မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြုတီးခတ်ပြီး တေးကဗျာနှင့် လိုက်ဖက်သည့်အသံများကို ဖန်တီးနိုင်ရန်။ | မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြုကာ အသံဖန်တီးနိုင်သည်။ |
| ၅။ | အဖွဲ့လိုက်ပူးပေါင်းပြီး လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုမှုများ၊ အသံဖန်တီးမှုများဖြင့် စိတ်ရောကိုယ်ပါ ညီညာစွာ သီဆိုသရုပ်ဖော်တတ်ရန်။ | အဖွဲ့လိုက်ပူးပေါင်းပြီး လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုမှုများ၊ အသံဖန်တီး တီးခတ်မှုများဖြင့် သီဆိုသရုပ်ဖော်နိုင်သည်။ |

DBE BOX _ Copyright Protected

## အခန်း(၂) မင်္ဂလာပါ

**ရည်ရွယ်ချက်** – ကိုယ်ခန္ဓာလှုပ်ရှားသရုပ်ဖော်ပြီး စည်းချက်ကျကျ သီဆိုတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၁/၅

### သင်ယူမှုဦးတည်ချက်

တေးစာသား၏ အဓိပ္ပာယ်ကို နားလည်ပြီး စည်းချက်ညီညီ ပျော်ရွှင်စွာ သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက သင်ထောက်ကူကားချပ်ပါ ရုပ်ပုံများကို ကလေးများအား ပြပြီးအောက်ပါမေးခွန်းကို မေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။ ပုံမှာဘာတွေတွေ့ရသလဲ။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက မင်္ဂလာပါ တေးကဗျာအစမှအဆုံးကို အသံနေအသံထား မှန်ကန်စွာဖြင့် သီဆိုပြပါမည်။
- ဆရာ သီဆိုပြီးပါက ကလေးများအား ဒီသီချင်းကို နားထောင်ပြီး ဘယ်လိုခံစားရသလဲဟု မေးပါမည်။ (ကလေးများကပျော်တယ်၊ ကျောင်းမှာအဲဒီလိုလုပ်ချင်တယ် စသည်ဖြင့်ဖြေဆိုနိုင်ပါသည်။)
- ဆရာက တေးကဗျာ၏ အဓိပ္ပာယ်ကို ကလေးများနားလည်အောင် ရှင်းပြပါမည်။
- ထို့နောက်ဆရာက တေးကဗျာပထမအပိုဒ်ကို နှစ်ကြောင်းစီခွဲ၍ ဆိုပြပါမည်။
- ဆရာက သီဆိုပြပြီးကလေးများကို လိုက်ဆိုစေပါမည်။ ကလေးများအား သံစဉ်ကို မှန်ကန်စွာဆိုနိုင်သည်အထိ ထပ်ကာထပ်ကာ လိုက်ဆိုစေပါမည်။
- ပထမအပိုဒ်အား ကလေးများကောင်းစွာ သီဆိုနိုင်ပါကဆရာက လေးချက်စည်းဖြင့် လက်ခုပ်တီးကာ ပထမအပိုဒ်တစ်ပိုဒ်လုံးကို ဆိုပြပါမည်။ ရပ်နားချက် နှစ်ချက်နေရာများဖြစ်သည့် မင်္ဂလာပါ၊ မြန်မြန်လာ၊ ဟုတ်ကဲ့နေရာများတွင် ဆရာနှင့်အတူအားလုံး လက်ခုပ်တီး၍ စည်းချက်လိုက်ကာသီဆိုစေပါမည်။
- ထို့နောက် ဆရာမပါဘဲ ကလေးများကိုယ်တိုင် လက်ခုပ်တီး၍ စည်းချက်လိုက်ကာ သီဆိုစေပါမည်။
- ဒုတိယအပိုဒ်ကိုလည်း အထက်ပါအတိုင်းသင်ပေးရပါမည်။
- ထို့နောက် ပထမအပိုဒ်နှင့် ဒုတိယအပိုဒ် နှစ်ခုစလုံးကိုလက်ခုပ်တီး၍ စည်းချက်လိုက်ကာ သီဆိုစေပါမည်။ ရပ်နားချက် နှစ်ချက်စလုံးကို လက်ခုပ်တီး၍ စည်းချက်လိုက်ကာ သီဆိုစေပါမည်။ ရပ်နားချက်နှစ်ချက် နေရာများတွင် အထူးသတိထား သီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- သီချင်းစာသားဆိုမည့်အဖွဲ့၊ လက်ခုပ်တီး၍ စည်းချက်လိုက်မည့်အဖွဲ့၊ ရပ်နားချက်နှစ်ချက်နေရာများတွင် သီဆိုမည့်အဖွဲ့ဟူ၍ အဖွဲ့သုံးဖွဲ့ခွဲကာ ကလေးများကို သီဆိုစေပါမည်။ သီချင်းတစ်ပုဒ်လုံးကို အလှည့်ကျသီဆိုစေပါမည်။(၁၀ မိနစ်)



**အခန်း(၂) မင်္ဂလာပါ**

**မင်္ဂလာပါ**

တေးသွား-အမေရိကန်
စာသား - ဦးကျော်မြင့်
(ပညာရေးကောလိပ်)




သာယာလှပ နေ့သစ်ရဲ့အစ
ကြည်လင်လာ (မင်္ဂလာပါ)
စာသင်ကြဖို့ ကျောင်းသို့သွားစို့
ပြင်ဆင်ကာ (မြန်မြန်လာ)
ပျော်စရာကောင်းတဲ့ ကျောင်းကြီးသွားလို့
စာကိုကြိုးစား ကျက်မှတ်မယ်
ဆရာတို့ရဲ့ ဆုံးမစကားဆို
နားဝင်ချိုတယ် (ဟုတ်ကဲ့)

သာယာလှပ နေ့သစ်ရဲ့အစ
ကြည်လင်လာ (မင်္ဂလာပါ)
စာသင်ကြဖို့ ကျောင်းသို့သွားစို့
ပြင်ဆင်ကာ (မြန်မြန်လာ)
နိုင်ငံသားကောင်းဖြစ်ကြဖို့အတွက်
ထာဝစဉ်အမြဲ ကြိုးစားမယ်
အစဉ်လာကောင်းတဲ့
တို့ရဲ့ ကျောင်းဂုဏ်ဆောင်ပါမယ်
(ဟုတ်ကဲ့)




### သတိပြုရမည့်အချက်များ

- ပထမဘား၏နောက်ဆုံး စည်းချက်မှစတင်သီဆိုရသည့်အတွက် 1, 2, 3 ဟုအရင်ရေတွက်ပြီးမှ သီဆိုရပါမည်။
- ဆရာဆိုပြသည့်အချိန်တွင်ဖြစ်စေ၊ ကလေးများကို ဆိုခိုင်းသည့်အချိန်တွင် ဖြစ်စေ 1, 2, 3 စည်းချက်ရေတွက်ပြီး လေးချက်မြောက်တွင် စတင်သီဆိုရပါမည်။
- ကလေးများ သီဆိုနေချိန်တွင် ဆရာကလက်ခုပ်တီး၍ စည်းချက်လိုက်ပေးရပါမည်။
- ရပ်နားချက် နှစ်ချက်နေရာဖြစ်သည့် **မင်္ဂလာပါ၊ မြန်မြန်လာ၊ ဟုတ်ကဲ့** နေရာများတွင် ဂရုစိုက်၍ သင်ပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးစာသား၏အဓိပ္ပာယ်ကို နားလည်သဘောပေါက်ပြီး ပျော်ရွှင်စွာ သီဆိုနိုင်သည်။

DBE Box – Copyright Protected




# အခန်း(၂) မင်္ဂလာပါ

**ရည်ရွယ်ချက်** – ကိုယ်ခန္ဓာလှုပ်ရှားသရုပ်ဖော်ပြီး စည်းချက်ကျကျ သီဆိုတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၂/၅

## သင်ယူမှုဦးတည်ချက်

ဒါး ဒဲ့ Rhythm နှင့် ဒို ရေ မီ သံစဉ်ကို သံစဉ်မှန်မှန်သီဆိုတတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။


## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ကလေးများအား မင်္ဂလာပါ သီချင်းကို လက်ခုပ်တီး၍ အစမှ အဆုံး စည်းချက်လိုက်ကာ ပြန်လည်သီဆိုစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက သင်ထောက်ကူကားချပ် သို့မဟုတ် သင်ပုန်းတွင် ကျောင်းသုံးစာအုပ်ပါ ဒါး ဒဲ့ သင်္ကေတ ကို ရေး၍ ဒါး ဒဲ့ Rhythm သင်္ကေတအကြောင်းကို ရှင်းပြပါမည်။ ဒါး ဒဲ့ Rhythm သင်္ကေတအတိုင်း လက်ခုပ်တီးပြပါမည်။




- ဆရာက ကျောင်းသုံးစာအုပ်ရှိ စာမျက်နှာ (၉)ပါ ပုံမှ ဒါး ဒဲ့ သံစဉ်ကို ဆိုပြပြီး ဒါး ဒဲ့ အသံမည်မျှပါသည်ကို ကလေးများ အား မေးပါမည်။
- အဖြေမှန်မရရှိပါက နောက်တစ်ကြိမ်ဆိုပြပြီး ဒါး ဒဲ့ အသံမည် မျှပါသည်ကို ကလေးများအားထပ်မံမေးရပါမည်။ (အဖြေမှန် မှာ ငါးခုရှိပြီး ဒါး ဒဲ့နဲ့ ဒါ မှာ မတူညီကြောင်း ရှင်းပြရမည်။)
- ဆရာက မင်္ဂလာပါသီချင်း၏ ပထမအပိုဒ်ကို ဒါး ဒဲ့အသံဖြင့် ရွတ်ဆိုပြရပါမည်။ ရပ်နားချက် နှစ်ချက်နေရာ“ဘန်း ဘန်း” ဟုဆိုကာ လက်ခုပ်နှစ်ချက်တီးပြရပါမည်။
- ဆရာကရပ်နားချက် နှစ်ချက်နေရာအထိ တစ်ဖြတ်ကို ဒါး ဒဲ့ အသံဖြင့် ဆိုပြီး ကလေးများကို လိုက်ဆိုစေမည်။
- ကလေးများကိုယ်တိုင် သီဆိုစေပါမည်။
- ပထမအပိုဒ်အဆုံးထိ သီဆိုပြီးလျှင် ကလေးများကိုယ်တိုင် ပထမအပိုဒ်ကို အစအဆုံး ဒါး ဒဲ့ဖြင့် သီဆိုစေပါမည်။
- ထို့နောက်ဆရာက ရပ်နားချက်နှစ်ချက် နေရာတစ်ဖြတ်စီ ဖြတ်ကာ အထက်ပါ လုပ်ငန်းစဉ် (၁)မှ (၄)အတိုင်း ဒို ရေ မီ ဖြင့် သင်ကြားပေးပါမည်။(၂၅ မိနစ်)

**နိဂုံး**

- ကလေးများကို အဖွဲ့ နှစ်ဖွဲ့ခွဲပေးပါမည်။ တစ်ဖွဲ့ကို ဒါး ဒဲ့ ဖြင့် သီဆိုစေပြီး၊ ကျန်တစ်ဖွဲ့ကို ဒို ရေ မီ ဖြင့် သီဆိုစေပါမည်။ ထို လုပ်ငန်းအား အလှည့်ကျဆောင်ရွက်စေပါမည်။(၁၀ မိနစ်)

## သတိပြုရမည့်အချက်များ

- ပထမဘား၏နောက်ဆုံး စည်းချက်မှစတင်သီဆိုရသည့်အတွက် 1, 2, 3 ဟုအရင်ရေတွက်ပြီးမှ သီဆိုရပါမည်။
- ဆရာဆိုပြသည့်အချိန်တွင်ဖြစ်စေ၊ ကလေးများကို ဆိုခိုင်းသည့် အချိန်တွင် ဖြစ်စေ 1, 2, 3 စည်းချက်ရေတွက်ပြီး လေးချက်မြောက် တွင် စတင်သီဆိုရပါမည်။
- ဒါး ဒဲ့ကို ဖြည်းဖြည်းဆိုပြပြီး လက်ခုပ်တီးပြရပါမည်။ ကလေး များ နားမလည်ပါက ပြန်လည်ဆိုပြပြီး လက်ခုပ်တီးပြရပါမည်။
- ဤအခန်းတွင် Dotted Quaver ကို သင်ကြားပေးရန် အရေး ကြီးပါသည်။ ကလေးများနားလည်လွယ်စေရန် Dotted Quaver သင်္ကေတတန်ဖိုး အသံအရှည်ကို ဒါး ဒဲ့အသံ၏ ဒါး ဖြင့် ဖော်ပြ ထားပါသည်။ ကလေးများအား ဂီတသင်္ကေတ အမျိုးအစားပေါ်မူ တည်၍ အသံအတိုအရှည် ကွာခြားကြောင်းကို ဒါး ဒဲ့ Rhythm ဆိုခြင်းဖြင့် အတွေ့အကြုံရရှိစေရန်သာဖြစ်ပါသည်။

## စစ်ဆေးအကဲဖြတ်ချက်

- ဒါး ဒဲ့ Rhythm နှင့် ဒို ရေ မီ သံစဉ်ကို သီဆိုနိုင်သည်။

DBE Box – Copyright Protected

## အခန်း(၂) မင်္ဂလာပါ

**ရည်ရွယ်ချက်** – ကိုယ်ခန္ဓာလှုပ်ရှားသရုပ်ဖော်ပြီး စည်းချက်ကျကျ သီဆိုတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၃/၅

### သင်ယူမှုဦးတည်ချက်

ဒါး ဒ့ါ အသံဖြင့်သီဆိုပြီး ရပ်နားချက် နှစ်ချက်နေရာများတွင် သရုပ်ဖော်လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုသံများ အစားထိုး၍ သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- ကလေးများကို စာသင်ချိန် (၂)တွင် သင်ကြားခဲ့သည့်အတိုင်း ပထမအပိုဒ်အား ဒါး ဒ့ါ အသံဖြင့် သီဆိုစေပြီး ဒုတိယအပိုဒ်ကို ဒို ရေ မီ ဖြင့် သီဆိုစေပါမည်။ ရပ်နားချက် နှစ်ချက်နေရာတွင် လက်ခုပ်တီးစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ရပ်နားချက်နှစ်ချက်နေရာတွင် လှုပ်ရှားမှုများ ပြုလုပ်ကာ တေးကဗျာကို ဒါး ဒ့ါ အသံဖြင့် ပျော်ရွှင်စွာ သီဆိုကြမည်ဖြစ်ကြောင်းရှင်းပြပါမည်။
- ကလေးတစ်ဦးချင်းစီအား မိမိတို့ ပြုလုပ်လိုသည့် လှုပ်ရှားပုံများကို စဉ်းစားစေပါမည်။ ထို့နောက်အားလုံးအတူ ဒါး ဒ့ါ အသံဖြင့် သီဆိုပြီး ရပ်နားချက် နှစ်ချက်နေရာတွင် မိမိတို့စဉ်းစားထားသည့် လှုပ်ရှားမှုများကို ပြုလုပ်စေပါမည်။
- ကလေးတစ်ဦးအား အတန်းရှေ့သို့ခေါ်ပြီး ဆရာနှင့်အတူ တွဲကာ ဒါး ဒ့ါ အသံဖြင့် သီဆို၍ ရပ်နားချက် နှစ်ချက်နေရာတွင် ကျောင်းသုံးစာအုပ်ပါလှုပ်ရှားမှု နမူနာများကို ပြုလုပ်ပြပါမည်။
- ထို့နောက် ဘေးချင်းကပ်ကလေးများကို နှစ်ယောက်တစ်တွဲ တွဲစေပြီး ရပ်နားချက်နှစ်ချက်နေရာများတွင် မည်သို့ လှုပ်ရှားကြမည်ကို ဆွေးနွေးတိုင်ပင်စေပါမည်။
- ဆရာက ဒါး ဒ့ါ အသံဖြင့် သီဆိုပြီး ကလေးများဆွေးနွေးထားသော လှုပ်ရှားမှုများကို ရပ်နားချက်နှစ်ချက်နေရာတွင် သရုပ်ဖော်စေပါမည်။
- ထို့နောက်ဆရာက ကလေးများအား ရပ်နားချက်နှစ်ချက်နေရာတွင် မိမိတို့ နှစ်သက်သည့် သံပြိုင်သီဆိုသံများကို စဉ်းစား၍ အစားထိုးသီဆိုရမည်ဖြစ်ကြောင်းကို ရှင်းပြပါမည်။ ရပ်နားချက်နှစ်ချက်နေရာတွင် သံပြိုင်သီဆိုသံနမူနာများ( ဟေး ဟေး၊ ဟိုး ဟိုး)ကို အစားထိုးကာ သီဆိုပြပါမည်။
- အတွဲလိုက် မည်သည့်အသံဖြင့် အစားထိုးသီဆိုမည်ကို တိုင်ပင်ဆွေးနွေးစေပါမည်။ အတွဲလိုက်ဆွေးနွေးတိုင်ပင်ထားသည့်အတိုင်း ရပ်နားချက်နှစ်ချက်နေရာတွင် သံပြိုင်အသံများ အစားထိုး၍ သီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- နှစ်ယောက်တစ်တွဲများကို ပေါင်းပြီး သင့်တော်သလိုအဖွဲ့များ ဖွဲ့ပေးပါမည်။ အဖွဲ့လိုက် မိမိတို့စဉ်းစားထားသည့်သရုပ်ဖော်လှုပ်ရှားမှုများ၊ သံပြိုင် သီဆိုသံများဖြင့် အလှည့်ကျ သီဆိုစေပါမည်။ အခြားသောအဖွဲ့များကို ကြည့်ရှုအားပေးစေပြီး မည်သည့်အဖွဲ့၏ လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုသံများကစိတ်ဝင်စားဖွယ်ကောင်းသည်ကို ပြောပြစေပါမည်။(၁၀ မိနစ်)


အခန်း(၂) မင်္ဂလာပါ

တေးကဗျာအဆုံးသတ်က ရပ်နားသင်္ကေတမှာ လှုပ်ရှားမှုတွေထည့်ကြမယ်

နှစ်ယောက်တွဲလှုပ်ရှားမှု (နမူနာ-၁)

နှစ်ယောက်တွဲလှုပ်ရှားမှု (နမူနာ-၂)

ခြေဆောင့်လို့လဲ ရတယ်နော်၊ ခန္ဓာကိုယ်ကိုလဲ ပုတ်လို့ရတယ်နော်။

၁၀

### သတိပြုရမည့်အချက်များ

- ဂီတသင်္ကေတဖွဲ့စည်းပုံအရ ပထမဘား၏နောက်ဆုံး စည်းချက်မှ စတင်သီဆိုရသည့်အတွက် 1, 2, 3 ဟုအရင်ရေတွက်ပြီးမှ သီဆိုရပါမည်။
- ဆရာဆိုပြသည့်အချိန်တွင်ဖြစ်စေ၊ ကလေးများကို ဆိုခိုင်းသည့်အချိန်တွင် ဖြစ်စေ 1, 2, 3 စည်းချက်ရေတွက်ပြီး လေးချက်မြောက်တွင် စတင်သီဆိုရပါမည်။
- ကလေးတိုင်းပါဝင်နိုင်ရန် ဂရုပြုရပါမည်။
- ရပ်နားချက် နှစ်ချက် နေရာတိုင်းတွင် အစားထိုးသီဆိုမည့် လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုသံများကို ဥပမာအမျိုးမျိုးဖန်တီး၍ အသုံးပြုရပါမည်။
- လာမည့်စာသင်ချိန်တွင် အသံများတီးခတ်ဖန်တီးရမည်ဖြစ်သောကြောင့် သံဘူးအလွတ်များ၊ ရေသန့်ဘူးအလွတ်များ ဆန်သို့မဟုတ် ပဲစေ့များ(အသံထွက်နိုင်သည့် ပစ္စည်းများ)ယူလာရန် သတိပေးရမည်။

### စစ်ဆေးအကဲဖြတ်ချက်


- နှစ်ယောက်တစ်တွဲ စဉ်းစားထားသော သရုပ်ဖော်လှုပ်ရှားမှုများ၊ အစားထိုးသီဆိုမည့် သံပြိုင်သီဆိုသံများကို အသုံးပြုကာ သီဆိုနိုင်သည်။

DRE Box – Copyright Protected

အခန်း(၂) မင်္ဂလာပါ

**နှစ်သက်သောအသံကိုရှာပြီး တီးကြစို့**

တုတ်ချောင်း၊ ခဲတံနှင့် သံဘူးအလွတ်ကို ရိုက်၍တီးခတ်ခြင်း။




ရေသန့်ဘူးကို လှုပ်၍တီးခတ်ခြင်း။




၁၁

## သတိပြုရမည့်အချက်များ

- ဖန်၊ မှန်နှင့် ကွဲရှနိုင်သောပစ္စည်းများကို အသုံးမပြုရန် သတိပေးရပါမည်။
- ရေသန့်ဘူးတွင် ထည့်မည့်အရာ၏ ပမာဏ၊ ရိုက်သည့်အားစသည်တို့အပေါ် မူတည်၍ အသံပြောင်းလဲနိုင်ကြောင်းကို သတိပြုမိစေရပါမည်။
- အမျိုးမျိုးသောပုံစံများကို စမ်းသပ်တီးစေပြီး သာယာသောအသံဖြစ်ရန် စဉ်းစားစေပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြုကာ အသံဖန်တီးနိုင်သည်။

## အခန်း(၂) မင်္ဂလာပါ

**ရည်ရွယ်ချက်** – ကိုယ်ခန္ဓာလှုပ်ရှားသရုပ်ဖော်ပြီး စည်းချက်ကျကျ သီဆိုတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၄/၅

## သင်ယူမှုဦးတည်ချက်

တေးသီချင်းစာသားဖြင့် သီဆိုပြီး၊ ရပ်နားချက် နှစ်ချက်နေရာများတွင် မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြုတီးခတ်ပြီး တေးကဗျာနှင့် လိုက်ဖက်သည့်အသံများကို ဖန်တီးနိုင်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ သံဘူး၊ ရေဘူးအလွတ်များ၊ ဆန်စေ့များ၊ ကျောက်စရစ်ခဲများ၊ တုတ်ချောင်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာကမင်္ဂလာပါတေးကဗျာကို ကလေးများနှင့်အတူစည်းချက်ညီညီသီဆိုရပါမည်။ ထိုကဲ့သို့သီဆိုနေစဉ် ရပ်နားချက်နှစ်ချက်နေရာတိုင်းတွင် ကြိုတင်ပြင်ဆင်ထားသော သံဘူးလွတ်များကို တီးခေါက်ပြခြင်း၊ ဆန်ထည့်ထားသော ရေသန့်ဘူးကို လှုပ်ပြခြင်းစသည်ဖြင့် လိုက်ဖက်သောအသံအမျိုးမျိုးကို တီးပြကာ သီဆိုရပါမည်။ ကလေးများအား ရပ်နားချက်နှစ်ချက်နေရာများတွင် နှစ်သက်သောသရုပ်ဖော်လှုပ်ရှားမှုများ ပြုလုပ်စေပါမည်။(၁၀ မိနစ်)

**လုပ်ငန်းစဉ်**

- စာသင်ချိန်(၃)တွင် သရုပ်ဖော်လှုပ်ရှားမှု သံပြိုင်သီဆိုမှုများ ပြုလုပ်ခဲ့ပြီး၊ ယခုစာသင်ချိန်တွင် အနီးပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြုကာ အသံအမျိုးမျိုးဖန်တီးပြီး တေးကဗျာကို သီဆိုကြမည်ဖြစ်ကြောင်းကို ရှင်းပြပါမည်။
- ဆရာက တေးကဗျာသီဆိုကာ ရပ်နားချက်နှစ်ချက်နေရာများတွင် အရာဝတ္ထုများအသုံးပြု၍ အသံအမျိုးမျိုးတီးကာ သရုပ်ပြသီဆိုပြပါမည်။
- ထို့နောက်ကလေး (၆)ယောက်ခန့်ပါသော အဖွဲ့များဖွဲ့ပြီး ကလေးများယူလာသော အရာဝတ္ထုများ သို့မဟုတ်အနီးပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြုကာ မည်သည့်အသံများတီး၍သီဆိုမည်ကို အချင်းချင်းဆွေးနွေးစေပါမည်။
- ရပ်နားချက်နှစ်ချက်နေရာများတွင် အဖွဲ့လိုက်စဉ်းစားထားသည့်အတိုင်း မိမိတို့ယူလာသည့်အရာဝတ္ထုများ သို့မဟုတ် အနီးအနားရှိ အရာဝတ္ထုများ အသုံးပြုကာအသံများတီးခတ်ပြီး စည်းချက်မှန်မှန်ဖြင့် သာသာယာယာသီဆိုတတ်ရန်လေ့ကျင့်စေပါမည်။(၂၀ မိနစ်)

**နိဂုံး**

- တစ်ဖွဲ့ချင်းစီကို လေ့ကျင့်ထားသည့်အတိုင်း သီဆိုသရုပ်ပြစေပါမည်။ ဆရာနှင့် ကျန်အခြားအဖွဲ့များက ကြည့်ရှုအားပေး၍ ချီးမွမ်းပါမည်။(၁၀ မိနစ်)

DBE Box - Copyright Protected

## အခန်း(၂) မင်္ဂလာပါ

**ရည်ရွယ်ချက်** – ကိုယ်ခန္ဓာလှုပ်ရှားသရုပ်ဖော်ပြီး စည်းချက်ကျကျ သီဆိုတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

အဖွဲ့လိုက်ပူးပေါင်းပြီး လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုမှုများ၊ အသံဖန်တီးမှုများဖြင့် စိတ်ရောကိုယ်ပါ ညီညာစွာ သီဆိုသရုပ်ဖော်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ကလေးများကို စာသင်ချိန် (၄)တွင် သင်ယူခဲ့သည့်အတိုင်း ရပ်နားချက် နှစ်ချက်နေရာများတွင် ဖန်တီးထားသော အသံများကို တီးခတ်၍ မင်္ဂလာပါတေးကဗျာကို သီဆိုစေပါမည်။ (၅ မိနစ်)

**လုပ်ငန်းစဉ်**

- ကလေးများအား စာသင်ချိန် (၄)အထိ သင်ယူခဲ့သည်များကို စုပေါင်းကာ ရပ်နားချက် နှစ်ချက်နေရာများတွင် လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုသံများထည့်ကာ နီးစပ်ရာ အရာဝတ္ထုများကို တီးခတ်၍ တေးကဗျာကို သီဆိုသရုပ်ဖော်ရမည်ဖြစ်ကြောင်း ရှင်းပြပါမည်။
- အဖွဲ့(၃)ဖွဲ့ခွဲပါမည်။ ရပ်နားချက် နှစ်ချက်နေရာများတွင် မိမိတို့ထည့်သွင်းလိုသည့် လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုသံများ၊ ဖန်တီး တီးခတ်လိုသည့်အသံများကို အဖွဲ့အလိုက် အချင်းချင်း ဆွေးနွေးတိုင်ပင်စေပါမည်။
- အဖွဲ့အားလုံးလှုပ်ရှားမှုများ၊ သံပြိုင်သီဆိုသံများ၊ အရာဝတ္ထုများ အသုံးပြု၍ တီးခတ်ခြင်းများကို ပြုလုပ်ရမည်ဖြစ်သောကြောင့် (၃)မျိုးစလုံးကို လေ့ကျင့်စေရပါမည်။ အဖွဲ့ဝင်များအားလုံးသည် မိမိတို့ ဆောင်ရွက်မည့်လုပ်ငန်းကို စိတ်ရောကိုယ်ပါ ညီညာစွာ လုပ်ဆောင်နိုင်ရန် လေ့ကျင့်စေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- ကလေးများအားလုံးအား မင်္ဂလာပါသီချင်းကို စည်းချက်ကျကျ သီဆိုစေပါမည်။ ရပ်နားချက်နှစ်ချက်တွင် ပထမတစ်ဖွဲ့ကို သရုပ်ဖော် လှုပ်ရှားစေပြီး ဒုတိယတစ်ဖွဲ့ကို သံပြိုင်သီဆိုသံများ သီဆိုစေကာ တတိယတစ်ဖွဲ့ကို အသံဖန်တီး တီးခတ်စေပါမည်။ အထက်ပါ လှုပ်ရှားမှုကိုအဖွဲ့သုံးဖွဲ့လုံးအလှည့်ကျ ပြုလုပ်စေပါမည်။(၁၀ မိနစ်)

အခန်း(၂) မင်္ဂလာပါ




၁၂

### သတိပြုရမည့်အချက်များ

- ဖန်၊ မှန်နှင့် ကွဲရှနိုင်သောပစ္စည်းများကို အသုံးမပြုရန် သတိပေးရပါမည်။
- အဖွဲ့အားလုံးကို အောက်ပါလှုပ်ရှားမှုများအားလုံးကို တစ်လှည့်စီ ပြုလုပ်စေပါမည်။
  (၁) လှုပ်ရှားမှု
  (၂) သံပြိုင်သီဆိုမှု
  (၃) အသံဖန်တီး တီးခတ်မှု

### စစ်ဆေးအကဲဖြတ်ချက်

- အဖွဲ့လိုက်ပူးပေါင်းပြီး လှုပ်ရှားမှုများ၊ သံပြိုင်သီဆိုမှုများ၊ အသံဖန်တီး တီးခတ်မှုများဖြင့် သီဆိုသရုပ်ဖော်နိုင်သည်။

DRL Box - Copyright Protected

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## ၂.၃။ အခန်း(၃) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၁)

ဒုတိယတန်း (ဩဂုတ်လ တတိယပတ်မှ စက်တင်ဘာလ တတိယပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၁) |
| ရည်ရွယ်ချက် | မြန်မာ့အခြေခံကဗျာလွတ် လက်အကများကို စည်း၊ ဝါးတကျ ကတတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ စည်း၊ ဝါး။ |
| သင်ကြားမည့်အကြောင်းအရာ | - မြန်မာ့အခြေခံ ကဗျာလွတ် အကများကို ပျော်ရွှင်စွာ ကကြမည်။<br>- လက်မှောက်လှန်အကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကကြမည်။<br>- လက်ဆစ်ချိုးအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကကြမည်။<br>- လက်ဘေးယိမ်းအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကကြမည်။<br>- အခြေခံကဗျာလွတ် လက်အကအားလုံးကို အစဉ်လိုက် ပျော်ရွှင်စွာကကြမည်။<br>ဤသင်ခန်းစာတွင် မြန်မာ့အခြေခံလက်အကများကို နားလည်သဘောပေါက်ပြီး ခေါင်းလှုပ်ရှားမှုနှင့်တွဲ၍ စည်း၊ ဝါး မှန်ကန်စွာဖြင့် သင်ကြားပေးမည်။ အဖွဲ့အလိုက် လက်လှုပ်ရှားမှုနှင့် ခေါင်းလှုပ်ရှားမှုများကို စည်း၊ ဝါးတကျ မှန်ကန်စွာ က တတ်စေရန်အတွက် ကောင်းမွန်စွာနားလည်သဘောပေါက်စေပါမည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် ၅ ချိန် |

| **စာသင်ချိန်** | **သင်ယူမှုဦးတည်ချက်** | **စစ်ဆေးအကဲဖြတ်ချက် (သင့်အဆင့်)** |
|---|---|---|
| ၁။ | မြန်မာ့အခြေခံ ကဗျာလွတ် အကများကို ပျော်ရွှင်စွာ ကတတ်ရန်။ | အခြေခံကဗျာလွတ်အကများ အားလုံးကို ပျော်ရွှင်စွာ ကနိုင်သည်။ |
| ၂။ | လက်မှောက်လှန်အကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။ | လက်မှောက်လှန်အကကို စည်း၊ ဝါးနှင့်အညီ အဖွဲ့လိုက်ညင်သာစွာ ကနိုင်သည်။ |
| ၃။ | လက်ဆစ်ချိုးအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။ | လက်ဆစ်ချိုးအကကို လက်အနေအထား မှန်ကန်စွာဖြင့် ကနိုင်သည်။ |
| ၄။ | လက်ဘေးယိမ်းအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။ | လက်ဘေးယိမ်းအကကို မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ ကနိုင်သည်။ |
| ၅။ | အခြေခံကဗျာလွတ် လက်အကအားလုံးကို ပျော်ရွှင်စွာ အစဉ်လိုက် ကတတ်ရန်။ | လက်အကများအားလုံးကို မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ အစဉ်လိုက် ကနိုင်သည်။ |

DBE Box – Copyright Protected

## အခန်း(၃) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၁)

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် လက်အကများကို စည်း၊ ဝါးကျစွာ ကတတ်ရန်ဖြစ်သည်။
**စာသင်ချိန်** – ၁/၅

### သင်ယူမှုဦးတည်ချက်

မြန်မာ့အခြေခံ ကဗျာလွတ် အကများကို ပျော်ရွှင်စွာ ကတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ပထမတန်း အခန်း(၃)တွင် သင်ကြားခဲ့သော အကပညာကဗျာကို ကလေးများအား ပြန်လည်ရွတ်ဆိုစေမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ပထမတန်းတွင်သင်ကြားခဲ့သော ခေါင်း၊ ခါးနှင့် ခြေလှုပ်ရှားမှုအကများကို ကျောင်းသားများအား အဖွဲ့လိုက်ပြန်လည်၍ လေ့ကျင့်စေမည်။ ထို့နောက်ခေါင်း၊ ခါး၊ ခြေ၊ လက်၊မျက်နှာအမူအရာတို့ ကို စုပေါင်း၍ အဖွဲ့လိုက်စည်း၊ ဝါးတကျ ကရန် ကျောင်းသားများကို ပြောပါမည်။
- ပထမတန်းအခန်း(၄)တွင် သင်ကြားခဲ့သော မေးထိုးအက၊ ခေါင်းစောင်းအက၊ ခေါင်းလှည့်အက၊ ခေါင်းအငုံ့အမော့အကများကို အဖွဲ့လိုက် စည်း(၈)ချက် ဝါး(၈)ချက်ပြည့်အောင် ကျောင်းသားများကို ပြန်လည်လေ့ကျင့်ရန် ပြောပါမည်။ (၂၅ မိနစ်)

**နိဂုံး**


- ကလေးများအား အဖွဲ့(၃)ဖွဲ့ ဖွဲ့ပေးမည်။ (၁) ခေါင်းအကကမည့်အဖွဲ့၊ (၂) ခါးနှင့် ခြေလှုပ်ရှားမှုကမည့်အဖွဲ့၊ (၃) လက်အက ကမည့်အဖွဲ့။
- ဆရာက စည်း၊ ဝါးတီးပေးပြီး တစ်ဖွဲ့ချင်းစီ ကစေမည်။ တစ်ဖွဲ့ က နေသည်ကို ကျန်အဖွဲ့များက ကြည့်ရှုအားပေးမည်။ (၁၀ မိနစ်)



**အခန်း(၃)**


**အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၁)**

**ခြေနဲ့ခါးနဲ့ ကကြစို့**



**ခေါင်းစောင်းအက ကကြစို့**








### သတိပြုရမည့်အချက်များ

- အကများအားလုံးကို ပြန်လည်မှတ်မိရန် အကတစ်ခုချင်းစီအား သေချာစွာ သင်ပေးရမည်။
- အကတိုင်းအား ညာဘက်မှစ၍ ကရန် ကလေးများအား သတိပေးရမည်။
- အဖွဲ့တိုင်းအား ညီညီညာညာဖြင့် အက(၃)မျိုးလုံးစုံအောင် ကစေမည်။ ဥပမာ-ခေါင်းအက ကသည့်အဖွဲ့အား နောက်တစ်ကြိမ်တွင် ခါးနှင့် ခြေလှုပ်ရှားမှုအကကို ပြောင်း၍ကစေခြင်း။

### စစ်ဆေးအကဲဖြတ်ချက်

- အခြေခံကဗျာလွတ်အကများအားလုံးကို ပျော်ရွှင်စွာ ကနိုင်သည်။

DBE Box – Copyright Protected

အခန်း(၃) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၁)

**လက်မှောက်လှန်အက ကကြမယ်**




၁၄

## အခန်း(၃) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၁)

**ရည်ရွယ်ချက်** - မြန်မာ့အခြေခံကဗျာလွတ် လက်အကများကို စည်း၊ ဝါးကျစွာ ကတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** - ၂/၅

### သင်ယူမှုဦးတည်ချက်

လက်မှောက်လှန်အကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ပထမတန်းတွင်သင်ကြားခဲ့သော လက်အကများကိုကျောင်းသားများပြန်လည်လေ့ကျင့်ရပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- လက်မှောက်လှန်အကကို ဆရာကအောက်ပါ အဆင့်များအတိုင်း ရှင်းပြ၍ ကလေးများကို ကပြရပါမည်။ အက က သည့်အခါ ညာဘက်မှစ၍ ကပြရပါမည်။

(၁)လက်မှောက်လှန်အက ကရန်အတွက် အသင့်အနေအထားအဖြစ် ပုံတွင်ပြထားသည့်အတိုင်းလက်နှစ်ဖက်ကို ခါးပေါ်တွင်ထောက်ထားရပါမည်။ ခေါင်းကိုတည့်တည့်ထားရပါမည်။

(၂)ပထမစည်းချက်တွင် လက်နှစ်ဖက်ကို စတင်လှုပ်ရှားပြီး ဝါးချက်တွင် ညာဘက်လက်ဖဝါးကို လှန်ပြီး ဘယ်ဘက်လက်ဖဝါးမှာ မှောက်လျက်ဖြစ်ရမည်။ ထိုအခါ ခေါင်းကို ညာဘက်(လက်ဖဝါးလှန်သည့်ဘက်)သို့ စောင်းရမည်ဖြစ်ပြီး ဝါးချက်တွင် လက်နှင့်ခေါင်းမှာ လှုပ်ရှားပြီး ဖြစ်ရပါမည်။

(၃)ဒုတိယစည်းချက်မှစ၍ လှန်လျက်အနေအထားရှိနေသည့် ညာလက်နှင့် မှောက်လျက်အနေအထားရှိနေသော ဘယ်လက်ကို တစ်ပြိုင်နက်တည်းစတင်လှုပ်ရှားပြီး ဝါးချက်တွင် ဘယ်လက်မှာ လှန်ပြီး ညာလက်မှာ မှောက်လျက်အနေအထားဖြစ်ရမည်။ ခေါင်းကို ဘယ်ဘက်(လက်ဖဝါးလှန်သည့်ဘက်)သို့ စောင်းချရမည်။ ဝါးချက်တွင် လက်နှင့်ခေါင်းမှာ စောင်း၍ ကပြီးဖြစ်ရမည်။

(၄)ဤနည်းအတိုင်း စည်း(၈)ချက်၊ ဝါး(၈)ချက်ပြည့်အောင် ကရမည်။(၂၅ မိနစ်)

**နိဂုံး**

- လက်မှောက်လှန်အကကို ဆရာနှင့်အတူ ကစေပါမည်။ အတန်းလိုက်ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ညီညာစွာကရမည်။ (၁၀ မိနစ်)

### သတိပြုရမည့်အချက်များ

- ကလေးများနှင့် မျက်နှာချင်းဆိုင်သင်ကြားသည့်အခါ ကလေးများဘယ်လက်နှင့် ညာလက် မှားယွင်းမှုမရှိစေရန်အတွက်ကလေးများအား ညာလက်အကသင်လိုသည့်အခါ ဆရာကဘယ်လက်ဖြင့် သင်ပြရမည်။
- မကနိုင်သောကလေးရှိပါက၊ ကနိုင်သောကလေးများနှင့် အတူတွဲ၍ ကစေမည်။ ထိုသို့တွဲ၍မကတတ်ပါက ဆရာနှင့်တွဲ၍ ကစေမည်။
- အဖွဲ့တိုင်းကို ညင်ညင်သာသာနှင့် ညီညာစွာကစေမည်။
- ကျောင်းသားများ စည်း၊ ဝါးမှန်စွာ ကနိုင်ရန် ဆရာက စည်း၊ ဝါး တီးပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- လက်မှောက်လှန်အကကို စည်း၊ ဝါးနှင့်အညီ အဖွဲ့လိုက်ညင်သာစွာ ကနိုင်သည်။

DRE Box – Copyright Protected

## အခန်း(၃) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၁)

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် လက်အကများကို စည်း၊ ဝါးကျစွာ ကတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၃/၅

### သင်ယူမှုဦးတည်ချက်

လက်ဆစ်ချိုးအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ကလေးများအား လက်မှောက်လှန်အကကို ပြန်လည်လေ့ကျင့်စေပါမည်။ အကလေ့ကျင့်ရာတွင် စည်း(၈)ချက်၊ ဝါး(၈)ချက် ပြည့်အောင် ကစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- လက်ဆစ်ချိုးအကကို ဆရာကအောက်ပါအဆင့်များအတိုင်း ရှင်းပြ၍ ကလေးများကို ကပြရပါမည်။ အက ကသည့်အခါ ညာဘက်မှစ၍ ကပြရပါမည်။

(၁)လက်ဆစ်ချိုးအက ကရန်အတွက် အသင့်အနေအထားဖြစ်ပုံတွင်ပြထားသည့်အတိုင်း လက်နှစ်ဖက်ကို ခါးပေါ်တွင် ထောက်ထားရပါမည်။ ခေါင်းကို တည့်တည့်ထားရပါမည်။

(၂)အသင့်အနေအထားမှ ပထမစည်းချက်တွင် လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်ပြီး ညာလက်ကောက်ဝတ်မှ အပေါ်သို့ထောင်သည့်အနေအထားနှင့် ဘယ်လက်ကောက်ဝတ်မှ အောက်သို့ချိုးသည့် အနေအထားဖြစ်အောင် တစ်ပြိုင်နက်တည်းလှုပ်ရှားရပါမည်။ ပထမဝါးချက်တွင် ညာလက်ဖဝါးမှာ အပေါ်သို့ ထောင်ပြီး ဘယ်လက်ဖဝါးမှာ အောက်သို့ချိုးချပြီး ဖြစ်ရပါမည်။ ပထမဝါးချက်တွင် ခေါင်းကို ဘယ်သို့စောင်းပြီး ညာဘက်(လက်ဖျားထောင်သည့်ဘက်)သို့ ဆတ်ခနဲ မေးထိုးရမည်။ ပထမဝါးချက်တွင် လက်နှင့် ခေါင်းမှာလှုပ်ရှားပြီးဖြစ်ရပါမည်။

(၃)အထက်ပါအဆင့်(၂)အတိုင်း ဘယ်ညာပြောင်း၍ ကရပါမည်။

(၄)ဤနည်းအတိုင်း စည်း(၈)ချက်၊ ဝါး(၈)ချက်ပြည့်အောင် ကရပါမည်။(၂၅ မိနစ်)

**နိဂုံး**

- လက်ဆစ်ချိုးအကကို ဆရာနှင့်အတူ ကစေပါမည်။
- အတန်းလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကရပါမည်။ (၁၀ မိနစ်)



**လက်ဆစ်ချိုးအက ကကြမယ်**







### သတိပြုရမည့်အချက်များ

- လက်ဆစ်ချိုးအကကို ကရာတွင် လက်ကောက်ဝတ်မှ အောက်သို့ချိုး၍ ကရသည်ကို ကလေးများ နားလည်အောင် ရှင်းလင်းစွာ သင်ပြရပါမည်။
- စည်းချက်တွင် ခေါင်းနှင့်လက်ကို စတင်လှုပ်ရှားပြီး ဝါးချက်တွင် ကပြီးဖြစ်ရမည်ကို သေချာစွာ သင်ကြားပေးရပါမည်။
- အကအား စည်း၊ ဝါးကျစွာ ကတတ်သွားပါက ကလေးများအား ပြိုး၍ ကစေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- လက်ဆစ်ချိုးအကကို လက်အနေအထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ က နိုင်သည်။

DBE Box – Copyright Protected


အခန်း(၃) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၁)

**လက်ဘေးယိမ်းအက ကကြမယ်**



၁၆

## အခန်း(၃) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၁)

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် လက်အကများကို စည်း၊ ဝါးကျစွာ ကတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၄/၅

### သင်ယူမှုဦးတည်ချက်

လက်ဘေးယိမ်းအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ကလေးများအား လက်ဆစ်ချိုးအကကို ပြန်လည်လေ့ကျင့်စေပါမည်။
- ဆရာက စည်း၊ ဝါးတီးပေးပြီး စည်း(၈)ချက်၊ ဝါး(၈)ချက်ပြည့်အောင် ကစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- လက်ဘေးယိမ်းအကကို ဆရာကအောက်ပါအဆင့်များအတိုင်း ရှင်းပြ၍ ကလေးများကို ကပြရပါမည်။ အက ကသည့်အခါ ညာဘက်မှစ၍ ကပြရပါမည်။

(၁)လက်ဘေးယိမ်းအက ကရန်အတွက် အသင့်အနေအထားအဖြစ် ပုံတွင်ပြထားသည့်အတိုင်း လက်နှစ်ဖက်ကို ခါးပေါ်တွင်ထောက်ထားရပါမည်။ ခေါင်းကိုတည့်တည့်ထားရပါမည်။

(၂)ပထမစည်းချက်တွင် လက်နှစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်ပြီး လက်ဖဝါးနှစ်ဖက်ကို ညာဘက်သို့ယိမ်း၍ ကရပါမည်။ ခေါင်းကို ဘယ်ဘက်သို့ လှည့်၍ ကြည့်ရမည်။ ပထမဝါးချက်တွင် လက်မှာ ညာဘက်သို့ ယိမ်းပြီး ခေါင်းမှာ ဘယ်ဘက်သို့ လှည့်ပြီးဖြစ်ရမည်။

(၃)ဒုတိယစည်းချက်တွင် လက်ကို ဘယ်ဘက်သို့ ယိမ်း၍ ခေါင်းကို ညာဘက်သို့ လှည့်ပြီး ကြည့်ရမည်။ ဒုတိယဝါးချက်တွင် လက်မှာ ဘယ်ဘက်သို့ ယိမ်းပြီး ခေါင်းမှာညာဘက်သို့ လှည့်ပြီးဖြစ်ရမည်။

(၄)ဤနည်းအတိုင်း စည်း(၈)ချက်၊ ဝါး(၈)ချက်ပြည့်အောင် ကရမည်။(၂၅ မိနစ်)

**နိဂုံး**

- ဆရာက စည်း၊ ဝါးတီးပေးပြီး စည်း၊ ဝါးနှင့်အညီ ကစေပါမည်။
- အတန်းလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကရပါမည်။ (၁၀ မိနစ်)

### သတိပြုရမည့်အချက်များ

- စည်းချက်တွင် လက်ကို ယိမ်းထားပြီး ဝါးချက်တွင် လက်ချိုးချရမည်။ ဝါးချက်တွင် ခေါင်းမှာလည်း လှည့်ပြီးဖြစ်ရမည်ကို ကလေးများ နားလည်အောင် သေသေချာချာ ရှင်းပြရပါမည်။ (လက်ဘယ်ယိမ်းလျှင် ခေါင်းညာသို့လှည့်၊ လက်ညာယိမ်းလျှင် ခေါင်းဘယ်လှည့်)
- ကလေးများအား လက်အနေအထားနှင့် ခေါင်းအနေအထား မှန်ကန်စွာ ကတတ်စေရန် ဖြည်းညင်းစွာ လေ့ကျင့်စေပါမည်။
- လက်အနေအထားမှန်ကန်အောင် ဦးစွာ သင်ကြားပေးပါ။ လက်အနေအထားမှန်ကန်မှ ခေါင်းလှုပ်ရှားမှုကို ထည့်ပြီး လေ့ကျင့်ပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- လက်ဘေးယိမ်းအကကို လက်အနေအထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ က နိုင်သည်။

DRE Box – Copyright Protected

## အခန်း(၃) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၁)

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် လက်အကများကို စည်း၊ ဝါးကျစွာ ကတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

အခြေခံကဗျာလွတ် လက်အကအားလုံးကို ပျော်ရွှင်စွာ အစဉ်လိုက် ကတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ကလေးများအား လက်မှောက်လှန်၊ လက်ဆစ်ချိုးနှင့်လက်ဘေးယိမ်းအကများကို စည်း(၈)ချက်၊ ဝါး(၈)ချက်ပြည့်အောင် ပြန်လည်လေ့ကျင့်ရပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ကလေးများအား သင့်သလိုအုပ်စုဖွဲ့ပါ။ လက်မှောက်လှန်အကအဖွဲ့၊ လက်ဆစ်ချိုးအကအဖွဲ့၊ လက်ဘေးယိမ်းအကအဖွဲ့ဟူ၍ အဖွဲ့(၃)ဖွဲ့ ဖွဲ့ပေးပါ။
- ဆရာက စည်း၊ ဝါးတီးပေးပြီး ကလေးများအား တစ်ဖွဲ့ချင်းစီ ကစေမည်။ တစ်ဖွဲ့က ကနေလျှင် ဆရာနှင့် ကျန်အဖွဲ့များက ကြည့်ရှုအားပေးမည်။ အဖွဲ့အားလုံးကို အက(၃)မျိုးလုံးစုံအောင် တစ်လှည့်စီ ကစေပါမည်။
- ပြီးလျှင် အဖွဲ့တိုင်းအား လက်အက(၃)မျိုးလုံးကို တစ်ဆက်တည်း ကစေပြီး ပျော်ရွှင်စွာ လေ့ကျင့်စေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- ကလေးများ အားလုံးကို အက(၃)မျိုးလုံးအား ညီညာစွာ ကစေပါမည်။(၁၀ မိနစ်)



**လက်အကတွေကို စုပေါင်းကကြစို့**










၁၇

### သတိပြုရမည့်အချက်များ

- မကနိုင်သော ကလေးများကို ကနိုင်သော ကလေးများနှင့်တွဲ၍ က စေပါမည်။ မကတတ်ပါက ဆရာနှင့်အတူတွဲ၍ ကရပါမည်။
- အဖွဲ့တိုင်း ညင်ညင်သာသာနှင့် ညီညာစွာ ကရပါမည်။
- လက်အနေအထားမှန်ကန်မှုရှိစေရန် ထပ်ကာထပ်ကာလေ့ကျင့်ရပါမည်။
- ကလေးတိုင်းသည် စည်း၊ ဝါးမှန်ကန်စွာ ကရပါမည်။
- အဖွဲ့တိုင်းအား ချီးကျူးစကားပြောရပါမည်။
- အကကို စည်း၊ ဝါးကျစွာ ကတတ်သွားပါက ကလေးများအား ပြိုင်၍ ကစေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- လက်အကများအားလုံးကို စည်း၊ ဝါးတကျ အစဉ်လိုက် ပျော်ရွှင်စွာ က နိုင်သည်။

DBE Box – Copyright Protected

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## ၂.၄။ အခန်း(၄) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၂)

ဒုတိယတန်း (နိုဝင်ဘာလ တတိယပတ်မှ ဒီဇင်ဘာလ တတိယပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၂) |
| ရည်ရွယ်ချက် | မြန်မာ့အခြေခံကဗျာလွတ် လက်အကများကို စည်း၊ ဝါးတကျ ကတတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ စည်း၊ ဝါး။ |
| သင်ကြားမည့်အကြောင်းအရာ | - လက်စုံဝိုက်ချိုးအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကကြမည်။<br>- လက်တစ်ဖက်စီဝိုက်ချိုးအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကကြမည်။<br>- လက်တစ်ဖက်စီ ဝိုက်ချိုးအကကို ခေါင်းလှုပ်ရှားမှုနှင့်အတူ စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကကြမည်။<br>- လက်စုံဝိုက်ချိုးအကနှင့် လက်တစ်ဖက်စီ ဝိုက်ချိုးအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကကြမည်။<br>- လက်အက (၅)မျိုးကို စည်း၊ ဝါးတကျ အစဉ်လိုက် ပျော်ရွှင်စွာ ကကြမည်။<br>ဤသင်ခန်းစာတွင် မြန်မာ့အခြေခံလက်အကများကို နားလည်သဘောပေါက်ပြီး ခေါင်းလှုပ်ရှားမှုနှင့် တွဲ၍ စည်း၊ ဝါးကျနစွာ ကတတ်စေရန် သင်ကြားပေးမည်။ မျက်နှာအမူအရာပြုံးရွှင်စွာ ကတတ်စေရမည်။ အဖွဲ့အလိုက် က ခိုင်းရာတွင် စည်း၊ ဝါးနှင့်အညီ လက်လှုပ်ရှားမှု ခေါင်းလှုပ်ရှားမှုအစရှိသည်တို့ကို စည်းစည်းလုံးလုံးဖြင့် ညီညာစွာ က စေပါမည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် ၅ ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (သင့်အဆင့်) |
|---|---|---|
| ၁။ | လက်စုံဝိုက်ချိုးအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။ | လက်စုံဝိုက်ချိုးအကကို ခေါင်းနှင့်လက်အနေအထားမှန်ကန်စွာဖြင့် ပြုံးရွှင်စွာ က နိုင်သည်။ |
| ၂။ | လက်တစ်ဖက်စီဝိုက်ချိုးအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။ | လက်တစ်ဖက်စီဝိုက်ချိုးအကကို လက်အနေအထားမှန်ကန်စွာဖြင့် ညင်သာစွာ က နိုင်သည်။ |
| ၃။ | လက်တစ်ဖက်စီ ဝိုက်ချိုးအကကို ခေါင်းလှုပ်ရှားမှုနှင့် အတူ စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။ | လက်တစ်ဖက်စီ ဝိုက်ချိုးအကကို လက်နှင့် ခေါင်းအနေအထားမှန်ကန်စွာဖြင့် ပျော်ရွှင်စွာ က နိုင်သည်။ |
| ၄။ | လက်စုံဝိုက်ချိုးအကနှင့် လက်တစ်ဖက်စီ ဝိုက်ချိုး အကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။ | လက်စုံဝိုက်ချိုးအကနှင့် လက်တစ်ဖက်စီ ဝိုက်ချိုးအကကို ခေါင်းနှင့်လက်အနေအထား မှန်ကန်စွာဖြင့် က နိုင်သည်။ |
| ၅။ | လက်အက (၅)မျိုးကို စည်း၊ ဝါးတကျ အစဉ်လိုက် ပျော်ရွှင်စွာ ကတတ်ရန်။ | လက်အက(၅)မျိုးအား ခေါင်းနှင့် လက်အနေအထားမှန်ကန်စွာဖြင့် အစဉ်လိုက် ပျော်ရွှင်စွာ က နိုင်သည်။ |

DBE Box – Copyright Protected

## အခန်း(၄) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၂)

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် လက်အကများကို စည်း၊ ဝါးကျစွာ ကတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၁/၅

### သင်ယူမှုဦးတည်ချက်

လက်စုံဝိုက်ချိုးအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ကလေးများအား လက်မှောက်လှန်၊ လက်ဆစ်ချိုးနှင့် လက်ဘေးယိမ်း အကများအကြောင်းကို ပြန်လည်မေးမြန်း ဆွေးနွေးမည်။ အကတစ်မျိုးစီကိုစည်း(၈)ချက်၊ ဝါး(၈)ချက် ပြည့်အောင် ဆရာက ကပြ၍ ကလေးများကိုလည်း လိုက်ကစေပါမည်။(၁၀ မိနစ်)

**လုပ်ငန်းစဉ်**

- လက်စုံဝိုက်ချိုးအကကို ဆရာကအောက်ပါအဆင့်များအတိုင်း ရှင်းပြ၍ ကလေးများကို ကပြရပါမည်။

(၁)လက်စုံဝိုက်ချိုးအက ကရန်အတွက် အသင့်အနေအထားအဖြစ် လက်နှစ်ဖက်ကိုဆန့်တန်း၍ လက်ဖဝါးနှစ်ဖက်ကို အပေါ်သို့ ထောင်ကာ ပခုံးနှင့် တစ်တန်းတည်းထားပြီး ခေါင်းကို တည့်တည့် ထားရပါမည်။

(၂)ပထမစည်းချက်တွင် လက်ဖဝါးနှစ်ဖက်ကို အသင့်အနေအထား ယူပြီး လက်ကောက်ဝတ်မှနေ၍ လက်ဖျားကို(အပြင်)အောက်သို့ စိုက်ကာ ချိုးချပါ။ ထို့နောက် လက်ဖျားနှစ်ဖက်ကို အတွင်းဘက်သို့ ဝိုက်၍ယူကာ လက်ဖဝါးနှစ်ဖက်ကို အပြင်သို့လှန်၍ ချိုးချပါ။ ပထမဝါးချက်တွင် လက်ချိုးသည်နှင့်တစ်ပြိုင်တည်း ခေါင်းမှာ ဘယ်သို့စောင်းပြီး ညာသို့ မေးထိုးရမည်။ လက်ဖဝါးနှစ်ဖက်မှာ လည်း အပြင်သို့လှန်ချပြီး ဖြစ်ရမည်။

(၃)ဒုတိယစည်းချက်တွင် လက်ကောက်ဝတ်မှနေ၍ လက်ဖဝါး နှစ်ဖက်ကို အတွင်းသို့ဝိုက်၍ လှည့်ယူပါ။ ထို့နောက်လက်ဖျားနှစ်ဖက် လုံးကို အောက်သို့စိုက်၍ အတွင်းမှ အပြင်သို့တစ်ပတ်လည်အောင် လှည့်ပြီး ဝါးချက်တွင် လက်ကို ထောင်လျက်အသင့်အနေအထား ရောက်အောင်ပြန်ထားပါ။ ဒုတိယဝါးချက် (လက်အသင့်အနေအထား ရောက်ချိန်)တွင် ခေါင်းမှာ ညာသို့စောင်းပြီး ဘယ်သို့မေးထိုးရမည်။

(၄)ဤနည်းအတိုင်း စည်း(၈)ချက်၊ ဝါး(၈)ချက် ပြည့်အောင် လေ့ကျင့်ရပါမည်။(၂၅ မိနစ်)

**နိဂုံး**

- ဆရာနှင့်အတူ လက်စုံဝိုက်ချိုးအကကို အတန်းလိုက်ဖြစ်စေ အဖွဲ့အလိုက်ဖြစ်စေ ကရပါမည်။(၅ မိနစ်)





### သတိပြုရမည့်အချက်များ

- ပထမဦးစွာ ကလေးများအား အသင့်အနေအထားမှန်ကန်စွာ နေတတ်စေရန် သင်ကြားပေးရမည်။
- စည်း၊ ဝါးနှင့်ကိုက်ညီစွာ ခေါင်းနှင့်လက်အား လှုပ်ရှားတတ်စေရန် သင်ကြားပေးရမည်။
- ဝါးချက်တွင် လက်ချိုးချပြီးသည်နှင့် တစ်ပြိုင်တည်းခေါင်းစောင်းပြီး မေးထိုးကရခြင်းကို မှန်ကန်စွာ ပြုလုပ်တတ်ရန် လေ့ကျင့်ပေးရပါမည်။
- ကသည့်အခါ ပြုံးရွှင်စွာ ကတတ်စေရန် လေ့ကျင့်ပေးရပါမည်။
- လက်မနှင့် လက်ညှိုးအား ကွေး၍ မကတတ်ပါကလည်း ရပါသည်။


### စစ်ဆေးအကဲဖြတ်ချက်

- လက်စုံဝိုက်ချိုးအကကို ခေါင်းနှင့်လက်အနေအထား မှန်ကန်စွာဖြင့် ပြုံးရွှင်စွာ က နိုင်သည်။

DBE Box – Copyright Protected


အခန်း(၄) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၂)

**လက်တစ်ဖက်စီဝိုက်ချိုးအက လက်အကကို ကကြမယ်**



လက်အကကို
အရင် ကမယ်။
ခေါင်းလှုပ်ရှားမှု
မပါသေးဘူး။

လက်အပြင်သို့ချိုးကခြင်း
(ညာလက်)



လက်အတွင်းသို့ချိုးကခြင်း
(ညာလက်)

၂၀

## အခန်း(၄) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၂)

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် လက်အကများကို စည်း၊ ဝါးကျစွာ ကတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၂/၅

### သင်ယူမှုဦးတည်ချက်

လက်တစ်ဖက်စီဝိုက်ချိုးအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ကလေးများအား လက်စုံဝိုက်ချိုးအကကို ပြန်လည်လေ့ကျင့်စေမည်။ အကလေ့ကျင့်ရာတွင် စည်း(၈)ချက်၊ ဝါး(၈)ချက် ပြည့်အောင် ကစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- လက်တစ်ဖက်စီဝိုက်ချိုးအကကို ဆရာက အောက်ပါအဆင့်များအတိုင်း ရှင်းပြ၍ ကလေးများကို ကပြရပါမည်။ အက ကသည့်အခါ ညာဘက်မှစ၍ ကပြရပါမည်။

(၁)အသင့်အနေအထားမှ ပထမစည်းချက်တွင် ညာလက်ကို လက်ကောက်ဝတ်မှနေ၍ လက်ဖျားကို (အပြင်)အောက်သို့စိုက်ကာ ချိုးချပါ။ ထို့နောက် လက်ဖျားကိုအတွင်းဘက်သို့ တစ်ပတ်လည်အောင် ဝိုက်၍ယူလာပြီး လက်ဖဝါးကို အပြင်သို့ လှန်၍ ချိုးချပါ။ ပထမဝါးချက်တွင် လက်ကို လှန်ချပြီး ဖြစ်ရပါမည်။

(၂)ဒုတိယစည်းချက်နှင့် ဒုတိယဝါးချက်တွင် ညာလက်လှုပ်ရှားသည့်အတိုင်း ဘယ်လက်ကို ပြုလုပ်ရပါမည်။

(၃)တတိယစည်းချက်တွင် လှန်ချထားသော ညာလက်ကို အပေါ်သို့ ထောင်၍ အတွင်းဘက်သို့ တစ်ပတ်လည်အောင် ဝိုက်ယူပြီး အသင့်အနေအထားသို့ရောက်အောင် လက်ကို ပြန်ထားရပါမည်။ တတိယဝါးချက်တွင် ညာလက်သည် ထောင်ပြီးဖြစ်ရမည်။

(၄) စတုတ္ထစည်းချက်နှင့် စတုတ္ထဝါးချက်တွင် ညာလက်လှုပ်ရှားသည့်အတိုင်းဘယ်လက်ကို ပြုလုပ်ရပါမည်။

- ဤနည်းအတိုင်း စည်း(၈)ချက်၊ ဝါး(၈)ချက်ပြည့်အောင်ညာနှင့် ဘယ် တစ်လှည့်စီလေ့ကျင့်ရပါမည်။(၂၅ မိနစ်)

**နိဂုံး**

- ဆရာနှင့်အတူ အတန်းလိုက်ဖြစ်စေ၊ အဖွဲ့အလိုက်ဖြစ်စေ ကစေပါမည်။(၁၀ မိနစ်)

### သတိပြုရမည့်အချက်များ


- လက်တစ်ဖက်စီဝိုက်ချိုးအကသည် ခေါင်းနှင့်လက်တစ်ပြိုင်တည်း လှုပ်ရှား၍ကရသော အကဖြစ်ပါသည်။
- စည်းချက်တွင် လက်ကို စတင်လှုပ်ရှားပြီးသည်နှင့် ဝါးချက်တွင် လက်ချိုးချပြီးဖြစ်ရမည်ကို ကလေးများနားလည်အောင် သေချာစွာ ရှင်းပြရမည်။
- ကသည့်အခါ ပြုံးရွှင်စွာ က တတ်ရန် လေ့ကျင့်ပေးပါ။

### စစ်ဆေးအကဲဖြတ်ချက်

- လက်တစ်ဖက်စီဝိုက်ချိုးအကကို လက်အနေအထားမှန်ကန်စွာဖြင့် ညင်သာစွာ က နိုင်သည်။

DBE Box – Copyright Protected

**လက်စုံဝိုက်ချိုးအကကို ကကြမယ်**




**လက်တစ်ဖက်စီဝိုက်ချိုးအကကို ကကြမယ်**






## သတိပြုရမည့်အချက်များ

- အဖွဲ့လိုက်ကခိုင်းသည့်အခါ ကလေးတစ်ဦးအား ခေါင်းဆောင်အဖြစ်သတ်မှတ်ပေးပြီး အဖွဲ့သားများ ညီညာစွာ ကနိုင်စေရန် စည်း၊ ဝါးကို မှန်မှန်ခေါ်ပေးရမည်။
- အကနှစ်မျိုးကို စုပေါင်း၍ကသည့်အခါ ခေါင်းနှင့်လက်အနေအထား မှားယွင်းမှုမရှိဘဲ ကတတ်စေရန် လေ့ကျင့်ပေးပါ။
- အကတစ်ခုနှင့်တစ်ခု အကူးအပြောင်းတွင် စည်း၊ ဝါးထောက်သွားခြင်း ထစ်သွားခြင်း မရှိစေဘဲ ချောချောမွေ့မွေ့ ကူးပြောင်းတတ်စေရန် သင်ကြားလေ့ကျင့်ပေးရမည်။

## စစ်ဆေးအကဲဖြတ်ချက်

- လက်စုံဝိုက်ချိုးအကနှင့် လက်တစ်ဖက်စီ ဝိုက်ချိုးအကကို ခေါင်းနှင့် လက်အနေအထား မှန်ကန်စွာဖြင့် က နိုင်သည်။

## အခန်း(၄) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၂)

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် လက်အကများကို စည်း၊ ဝါးကျစွာ ကတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၄/၅

## သင်ယူမှုဦးတည်ချက်

လက်စုံဝိုက်ချိုးအကနှင့် လက်တစ်ဖက်စီ ဝိုက်ချိုးအကကို စည်း၊ ဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ယခင်သင်ခန်းစာတွင် သင်ကြားခဲ့သော လက်စုံဝိုက်ချိုးအကနှင့် လက်တစ်ဖက်စီဝိုက်ချိုးအကကို မှတ်မိခြင်း ရှိ၊ မရှိ မေးပါမည်။
- ထို့နောက်ဆရာက ပြန်လည်ကပြပြီး ကလေးများအား သေချာစွာ ကြည့်ရှုစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ကလေးများအား လက်စုံဝိုက်ချိုးကမည့်အဖွဲ့နှင့် လက်တစ်ဖက်စီ ဝိုက်ချိုးကမည့် အဖွဲ့(၂)ဖွဲ့ ဖွဲ့ပေးရပါမည်။
- အဖွဲ့(၁)ဖွဲ့စီအား တစ်လှည့်စီထွက်၍ ကစေမည်။ အဖွဲ့တစ်ဖွဲ့ကသည့်အခါ ဆရာနှင့် ကျန်အဖွဲ့က ကြည့်ရှုအားပေးရပါမည်။
- အဖွဲ့(၂)ဖွဲ့လုံးက အက(၂)မျိုးလုံးပြည့်အောင် တစ်လှည့်စီ ကရပါမည်။
- ထို့နောက် အဖွဲ့တိုင်းအား လက်အက(၂)မျိုးလုံးကို စုပေါင်း၍ ပျော်ရွှင်စွာ တစ်ဆက်တည်း ကစေပါမည်။
- ဤနည်းအတိုင်း စည်း(၈)ချက်၊ ဝါး(၈)ချက်ပြည့်အောင်လေ့ကျင့်ရပါမည်။(၂၅ မိနစ်)

**နိဂုံး**

- ကလေးများအားလုံး စုပေါင်းပြီး အကနှစ်မျိုးလုံးကို ညီညာစွာ ကစေပြီး ဆရာက စည်း၊ ဝါး တီးပေးရပါမည်။ (၁၀ မိနစ်)

DBE Box – Copyright Protected

## အခန်း(၄) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၂)

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် လက်အကများကို စည်း၊ ဝါးကျစွာ ကတတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

လက်အက (၅)မျိုးကို စည်း၊ ဝါးတကျ အစဉ်လိုက် ပျော်ရွှင်စွာ ကတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- သင်ကြားခဲ့ပြီးသော အခန်း (၃နှင့် ၄)မှ လက်အက (၅)မျိုးကို မှတ်မိခြင်းရှိ မရှိမေးရမည်။ (လက်မှောက်လှန်၊ လက်ဆစ်ချိုး၊ လက်ဘေးယိမ်း၊ လက်စုံဝိုက်ချိုး၊ လက်တစ်ဖက်စီဝိုက်ချိုး)
- ထို့နောက်ဆရာက ပြန်လည်ကပြရမည်။ ကလေးများက သေချာစွာ ကြည့်ရှုရမည်။(၁၀ မိနစ်)

**လုပ်ငန်းစဉ်**


- ကလေးများအား အဖွဲ့(၂)ဖွဲ့ ဖွဲ့ပေးရမည်။ ထို့အဖွဲ့(၂)ဖွဲ့ကို အတန်းရှေ့သို့ အလှည့်ကျထွက်စေ၍ သင်ကြားခဲ့ပြီးသော အကတစ်မျိုးစီအားအစဉ်လိုက် က စေပါမည်။
- အဖွဲ့တစ်ဖွဲ့ ကနေသည့်အခါ ဆရာနှင့်ကျန်အဖွဲ့က ကြည့်ရှုအားပေးရပါမည်။
- အဖွဲ့ (၂)ဖွဲ့လုံးက အက(၅) မျိုးလုံးပြည့်အောင် တစ်လှည့်စီ ကရပါမည်။
- ထို့နောက် အဖွဲ့တိုင်း လက်အက(၅) မျိုးလုံးကို စုပေါင်း၍ ပျော်ရွှင်စွာ တစ်ဆက်တည်း ကစေပါမည်။
- ဤနည်းအတိုင်း စည်း(၈)ချက်၊ ဝါး(၈)ချက်ပြည့်အောင်လေ့ကျင့်ရပါမည်။(၂၅ မိနစ်)

**နိဂုံး**

- ကလေးများ အားလုံးကို အဖွဲ့တစ်ဖွဲ့တည်းဖြစ်အောင်စုပေါင်းပြီး အက(၅)မျိုးလုံးကို စည်း၊ ဝါးတကျ ညီညာစွာ ကရမည်။ (၅ မိနစ်)

အခန်း(၄) အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၂)

လက်စုံဝိုက်ချိုးအကကို စုပေါင်းကကြစို့



လက်တစ်ဖက်စီဝိုက်ချိုးအကကို စုပေါင်းကကြစို့



၂၄

### သတိပြုရမည့်အချက်များ

- အဖွဲ့အလိုက် ကသည့်အခါ ကလေးတစ်ဦးအား ခေါင်းဆောင်အဖြစ်သတ်မှတ်ပေးပြီး အဖွဲ့သားများ ညီညာစွာ က နိုင်ရန် စည်း၊ ဝါးကို မှန်မှန်ခေါ်ပေးရပါမည်။
- စည်း၊ ဝါးတကျ ညင်သာစွာ ကစေပါမည်။
- အကအားလုံးကို စုပေါင်း၍ ကသည့်အခါ အစဉ်အတိုင်းမှားယွင်းမှုမရှိဘဲ ကတတ်ရန် သင်ကြားလေ့ကျင့်ပေးရပါမည်။
- အကတစ်ခုနှင့် တစ်ခု အကူးအပြောင်းတွင် စည်း၊ ဝါးထောက်သွားခြင်း၊ ထစ်သွားခြင်းမရှိဘဲ ချောမွေ့စွာ ကူးပြောင်းတတ်စေရန် သင်ကြားလေ့ကျင့်ပေးရပါမည်။
- အကယ်၍ အက(၅)မျိုးလုံးအား အစဉ်လိုက် ကရန် ခက်ခဲမှုရှိပါက (၂)မျိုးစီဆက်၍ လေ့ကျင့် က ရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- လက်အက(၅)မျိုးအား ခေါင်းနှင့် လက်အနေအထား မှန်ကန်စွာဖြင့် အစဉ်လိုက် ပျော်ရွှင်စွာ က နိုင်သည်။

DBE Box – Copyrighted

## ၂.၅။ အခန်း(၅) အသံအနိမ့်အမြင့်ခွဲခြားခြင်း

ဒုတိယတန်း (စက်တင်ဘာလ စတုတ္ထပတ်မှ နိုဝင်ဘာလ ဒုတိယပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | အသံအနိမ့်အမြင့်ခွဲခြားခြင်း |
| ရည်ရွယ်ချက် | အသံအနိမ့်အမြင့် အတိုအရှည်ကို နားလည်ခံစား၍ ပလွေဖြင့် မှုတ်တတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ ပလွေ။ |
| သင်ကြားမည့်အကြောင်းအရာ | - လျှာအနေအထားမှန်အောင်သုံး၍ ခရော့ချက် (Crotchet) နှင့် မင်နမ် (Minim)သင်္ကေတတန်ဖိုး၏ အသံအရှည်ကို စည်းချက်ညီညီ မှုတ်ကြမည်။<br>- ခရော့ချက် (Crotchet) သင်္ကေတကိုကြည့်၍ လေးချက်စည်းဖြင့် သာယာစွာ မှုတ်ကြမည်။<br>- မင်နမ် (Minim) သင်္ကေတကိုကြည့်၍ လေးချက်စည်းဖြင့် သာယာစွာ မှုတ်ကြမည်။<br>- ကွေဗာ (Quaver)သင်္ကေတကိုကြည့်၍ နှစ်ချက်စည်းဖြင့် သာယာစွာ မှုတ်ကြမည်။<br>- မိတ်ဖက်တေးသံစဉ်နှစ်ခုကို တစ်ထပ်တည်းကျအောင် မှုတ်ကြမည်။<br>ဤသင်ခန်းစာတွင် ဒို ရေ မီအသံများ၏ အသံအနိမ့်အမြင့်ခြားနားမှုများကို သေချာစွာ နားထောင်တတ်ကာ အသံအတိုအရှည်များကို မှုတ်တတ်စေရန် လေ့ကျင့်ပေးပြီး လွယ်ကူသော တေးသီချင်းများကို သုံးကာ သံစဉ်လေ့ကား၊ အသံအနိမ့်အမြင့်နှင့် အသံအတိုအရှည် စသည်တို့နှင့် ရင်းနှီးကျွမ်းဝင်လာစေရန် အဓိကထား၍ သင်ကြားပါမည်။<br>ပထမစာသင်ချိန်တွင် ပထမတန်းသင်ခန်းစာများကို ပြန်လည်လေ့ကျင့်မည်။ ဒို ရေ မီ လက်ကွက်များကို မှန်ကန်စွာ မှုတ်တတ်စေရန် ပြန်လည်လေ့ကျင့်စေမည်။ ဒုတိယစာသင်ချိန်တွင် မင်နမ် (Minim) နှင့် ခရော့ချက် (Crotchet) သင်္ကေတများ၏ အသံအတိုအရှည်များကို လေးချက်စည်းချိန်မှန်မှန်ဖြင့် ဖြည်းဖြည်းချင်းမှုတ်ရင်း လေ့ကျင့်မည်။တတိယစာသင်ချိန်မှ ပဉ္စမစာသင်ချိန်အထိ တေးသီချင်းများကိုလျှာအနေအထားမှန်ကန်စွာဖြင့် သာယာစွာ မှုတ်တတ်စေရန် လေ့ကျင့်ပေးမည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် ၅ ချိန် |

| **စာသင်ချိန်** | **သင်ယူမှုဦးတည်ချက်** | **စစ်ဆေးအကဲဖြတ်ချက် (သင့်အဆင့်)** |
|---|---|---|
| ၁။ | လျှာအနေအထားမှန်အောင်သုံး၍ ခရော့ချက် (Crotchet) နှင့် မင်နမ် (Minim)သင်္ကေတတန်ဖိုး၏ အသံအရှည်ကို စည်းချက်ညီညီ မှုတ်တတ်ရန်။ | "လျှာအနေအထားမှန်မှန်နဲ့ မှုတ်ကြစို့"လေ့ကျင့်ခန်းကို မင်နမ် (Minim) နှင့် ခရော့ချက် (Crotchet) တန်ဖိုးအတိုင်း ဘားနှစ်ဘားကို အသံတစ်ဆက်တည်းဖြင့် မှုတ်နိုင်သည်။ |
| ၂။ | ခရော့ချက် (Crotchet)သင်္ကေတကိုကြည့်၍ လေးချက်စည်းဖြင့် သာယာစွာ မှုတ်တတ်ရန်။ | လေ့ကျင့်ခန်း (၁)မှ ခရော့ချက် (Crotchet) သင်္ကေတကို ကြည့်၍ ဘားနှစ်ဘားကို အသံသာယာစွာ တစ်ဆက်တည်း မှုတ်နိုင်သည်။ |
| ၃။ | မင်နမ်(Minim)သင်္ကေတကိုကြည့်၍ လေးချက်စည်းဖြင့် သာယာစွာ မှုတ်တတ်ရန်။ | လေ့ကျင့်ခန်း (၂)မှ မင်နမ် (Minim) သင်္ကေတကို ကြည့်၍ ဘားနှစ်ဘားကို အသံသာယာစွာ တစ်ဆက်တည်း မှုတ်နိုင်သည်။ |
| ၄။ | ကွေဗာ(Quaver)သင်္ကေတကိုကြည့်၍ နှစ်ချက်စည်းဖြင့် သာယာစွာ မှုတ်တတ်ရန်။ | လေ့ကျင့်ခန်း (၃)မှ ကွေဗာ (Quaver) သင်္ကေတကို ကြည့်ပြီး ဘားနှစ်ဘားကို အသံသာယာစွာ တစ်ဆက်တည်း မှုတ်နိုင်သည်။ |
| ၅။ | မိတ်ဖက်တေးသံစဉ်နှစ်ခုကို တစ်ထပ်တည်းကျအောင် မှုတ်တတ်ရန်။ | မိတ်ဖက်တေးသံစဉ်နှစ်ခုကို တစ်ထပ်တည်းကျအောင် မှုတ်ကြစို့ သင်ခန်းစာကို ပျော်ပျော်ရွှင်ရွှင်မှုတ်နိုင်သည်။ |

DBE Box – Copyright Protected

## အခန်း(၅) အသံအနိမ့်အမြင့်ခွဲခြားခြင်း

**ရည်ရွယ်ချက်** – အသံအနိမ့်အမြင့် အတိုအရှည်ကို နားလည်ခံစား၍ ပလွေဖြင့် မှုတ်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၁/၅

### သင်ယူမှုဦးတည်ချက်

လျှာအနေအထားမှန်အောင်သုံး၍ ခရော့ချက် (Crotchet) နှင့် မင်နမ် (Minim)သင်္ကေတတန်ဖိုး၏ အသံအရှည်ကို စည်းချက်ညီညီ မှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- ဆရာက အောက်ပါသံစဉ်လှေကား ကားချပ်ကို ပြ၍ ဒို ရေ မီ ဖာ ဆို လာ တီ ဒို သင်္ကေတကိုနှုတ်ဖြင့် ရွတ်ဆိုပြပြီး အမြင့်သံ၊ အနိမ့်သံကို ခွဲခြားပြပါမည်။
- ဆရာက ပလွေကို စနစ်တကျကိုင်ပြီး အသံ (၇)သံ (ဒို၊ ရေ၊ မီ၊ ဖာ၊ ဆို၊ လာ၊ တီ)ကို ကလေးများအားပြန်မှုတ်ပြ၍ နားထောင်စေမည်။(၁၀ မိနစ်)


**လုပ်ငန်းစဉ်**

- ဆရာက ပထမတန်းတွင် သင်ကြားခဲ့ပြီးသော အခန်း(၆)မှ လေ့ကျင့်ခန်း (၁၊ ၂၊ ၃၊ ၄) ကို သာယာသောအသံဖြင့် စည်းချက်ညီညီ မှုတ်မည်။
- ထို့နောက်ကလေးများကို လေ့ကျင့်ခန်းတစ်ပုဒ်ချင်းစီ ပြန်လည်လေ့ကျင့်စေမည်။ အသံ(၇)သံကို လက်ကွက်မှန်ကန်ပြီး သာယာသောအသံဖြင့် ဖြည်းညင်းစွာ မှုတ်စေမည်။
- ဆရာက ရိုက်ချက်(၁)ချက်ရှိသော ခရော့ချက်(Crotchet) ကို သင်္ကေတ တန်ဖိုးအတိုင်းမှုတ်ပြပြီး ကလေးများကို မှုတ်စေမည်။
- ဆရာကရိုက်ချက်(၂)ချက်ရှိသော မင်နမ်(Minim)ကို သင်္ကေတ တန်ဖိုးအတိုင်းမှုတ်ပြပြီး ကလေးများကို မှုတ်စေမည်။
- ဆရာက ကျောင်းသုံးစာအုပ်မှ“လျှာအနေအထား မှန်မှန်နဲ့ မှုတ်ကြစို့” လေ့ကျင့်ခန်းကို မှုတ်ပြပြီး၊ ရိုက်ချက်(၁)ချက်ရှိသော အသံ ခရော့ချက်(Crotchet)နှင့် ရိုက်ချက် (၂)ချက်ရှိသော အသံ မင်နမ်(Minim)တို့ကို လျှာအနေအထား မှန်မှန်ဖြင့် မှုတ်ပြမည်။
- တစ်ဆက်တည်း ကလေးများကို လေ့ကျင့်စေပြီး ခရော့ချက် (Crotchet) နှင့်မင်နမ်(Minim)တန်ဖိုးအတိုင်း လျှာအနေအထားမှန်မှန်ဖြင့် မှုတ်နိုင်အောင်လေ့ကျင့်ပေးမည်။(၂၀ မိနစ်)

**နိဂုံး**

- အတန်းရှိကလေးအားလုံးကို အဖွဲ့(၄)ဖွဲ့ ဖွဲ့ပေးပြီး “လျှာအနေအထား မှန်မှန်နဲ့ မှုတ်ကြစို့” သင်ခန်းစာကို အလှည့်ကျမှုတ်စေပါမည်။(၁၀ မိနစ်)






### သတိပြုရမည့်အချက်များ

- အနိမ့်သံအမြင့်သံကိုခွဲခြားသိရန် လက်ဟန်ဖြင့် ပူးတွဲပြီးဆိုပြပါ။
- ဆရာ၏ လက်ပေါက်ဖွင့်ပုံကို သေချာစွာ ကြည့်စေပြီး၊ လျှာအနေအထား မှန်ကန်စွာဖြင့် ဖြည်းညင်းစွာ မှုတ်ပြပါ။
- တစ်ဘားချင်းစီကို အသံမပြတ် စေဘဲ တစ်ဆက်တည်း မှုတ်နိုင်ရန် ကလေးများကို လေ့ကျင့်ပေးပါ။
- လေးချက်စည်းနှင့် အသံမှန်ကန်စွာမှုတ်ပြပါ။
- အနိမ့်(ဒို)ကို မှုတ်ရာတွင်လေအားကို မပြင်းစေဘဲ ဖြည်းညင်းစွာ မှုတ်ပြပါ။
- အမြင့်(ဒို)ကိုမှုတ်ရာတွင် နှုတ်ခမ်းကို တင်းတင်းစေ့ပြီး လေအားပြင်းပြင်းသုံး၍ မှုတ်ရမည်။
- ခရော့ချက်(Crotchet)နှင့် မင်နမ်(Minim)အား သင်္ကေတနှင့် တွဲ၍ ပလွေဖြင့် မှုတ်ပြပါ။။

### စစ်ဆေးအကဲဖြတ်ချက်

- “လျှာအနေအထားမှန်မှန်နဲ့ မှုတ်ကြစို့”သင်ခန်းစာကို မင်နမ် (Minim) နှင့် ခရော့ချက်(Crotchet)တန်ဖိုးအတိုင်း ဘားနှစ်ဘားကို အသံတစ်ဆက်တည်း မှုတ်နိုင်သည်။

DPE Box–Copyright Protected




## အခန်း(၅) အသံအနိမ့်အမြင့်ခွဲခြားခြင်း

**ရည်ရွယ်ချက်** – အသံအနိမ့်အမြင့် အတိုအရှည်ကို နားလည်ခံစား၍ ပလွေဖြင့် မှုတ်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၂/၅

### သင်ယူမှုဦးတည်ချက်

ခရော့ချက် (Crotchet)သင်္ကေတကိုကြည့်၍ လေးချက်စည်းဖြင့် သာယာစွာ မှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ကလေးများကိုစာသင်ချိန်(၁)တွင် သင်ကြားခဲ့သော ခရော့ချက် (Crotchet)နှင့် မင်နမ်(Minim) ရိုက်ချက်ကို ပြန်လည် လေ့ကျင့်ပေးပါမည်။(၁၀ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ခရော့ချက် (Crotchet)ကို လျှာအနေအထားမှန်မှန်ဖြင့် မှုတ်ပြပြီး၊ ကလေးများကိုလည်း လေ့ကျင့်စေမည်။
- ဆရာက ကျောင်းသုံးစာအုပ်ရှိ "နှစ်ယောက်တစ်တွဲတွဲပြီး၊ အပြန်အလှန်မှုတ်ကြမယ်"လေ့ကျင့်ခန်းကိုပြပြီး၊ ဒို ရေ မီ ဖာ ဆို လာ တီ ဒို သင်္ကေတကို ရွတ်ဆိုပြပါမည်။ ကလေးများအား လိုက်ဆိုစေပါမည်။
- အထက်ပါလေ့ကျင့်ခန်းရှိ သင်္ကေတများကို ကြည့်၍ ခရော့ချက်(Crotchet)ကို မှုတ်စေပါမည်။
- ဆရာက လေ့ကျင့်ခန်း(၁)မှ ဘားတစ်ဘားချင်းစီကို စည်းချက်မှန်မှန်ဖြင့် မှုတ်ပြပါမည်။
- ရိုက်ချက်(၁)ချက်ရှိသော ခရော့ချက် (Crotchet)ကို သင်္ကေတ တန်ဖိုးအတိုင်းလေ့ကျင့်ပေးရပါမည်။
- ဆရာက ပထမဘားကို မှုတ်ပြပြီး ကလေးများအား လိုက်မှုတ်စေပါမည်။ ထိုအတိုင်းဒုတိယဘားကို ဆက်လက်လေ့ကျင့်ပေးရပါမည်။
- ဒုတိယဘားကို လေ့ကျင့်ပြီးပါက နှစ်ဘားဆက်တိုက်ကို တစ်ဆက်တည်း မှုတ်စေပါမည်။
- အထက်ပါအတိုင်း တတိယဘားနှင့် စတုတ္ထဘား၊ ပဉ္စမဘားနှင့် ဆဋ္ဌမဘား၊ သတ္တမဘားနှင့် အဋ္ဌမဘားတို့ကို ဆက်လက် လေ့ကျင့်ပေးရပါမည်။
- နောက်ဆုံးတွင် (၄)ယောက်တစ်ဖွဲ့ဖွဲ့ကာ၊ နှစ်ဘားစီကိုအလှည့်ကျ မှုတ်နိုင်ရန် လေ့ကျင့်စေမည်။(၂၀ မိနစ်)

**နိဂုံး**

- လေ့ကျင့်ခန်း(၁)ကို အဖွဲ့လိုက် အလှည့်ကျမှုတ်စေပါမည်။ (၁၀ မိနစ်)

### သတိပြုရမည့်အချက်များ

- ကလေးနှစ်ဦးကို အပြန်အလှန်မှုတ်ခိုင်းရာတွင် နှစ်ဘားချင်းစီခွဲမှုတ်ခိုင်းပါ။
- အသံတစ်ဆက်တည်းမှုတ်ရာတွင် လျှာ အသုံးပြုပုံမှန်ကန်၍ အသံမပြတ်စေရန် သတိပြုရမည်။
- ဘားနှစ်ဘားကို ဆက်တိုက်မှုတ်ပြီးပါက အသက်ရှူရမည်။ V သည် အသက်ရှူရမည့်နေရာဖြစ်သည်။
- စည်းချက်ညီညီဖြင့် နှစ်ဘားဆက်တိုက် တစ်ဆက်တည်းမှုတ်နိုင်ရန် လေ့ကျင့်ပေးပါ။
- လေးချက်စည်း ဖြစ်သောကြောင့် အဖွဲ့လိုက်ညီညီညာညာမှုတ်နိုင်ရန် ဆရာက 1,2,3,4 Timing ခေါ်ပေးရမည်။

### စစ်ဆေးအကဲဖြတ်ချက်

- လေ့ကျင့်ခန်း(၁)မှ ခရော့ချက် (Crotchet) သင်္ကေတကိုကြည့်၍ ဘားနှစ်ဘားကို အသံသာယာစွာ တစ်ဆက်တည်း မှုတ်နိုင်သည်။

DBE Box – Copyright Protected

## အခန်း(၅) အသံအနိမ့်အမြင့်ခွဲခြားခြင်း

**ရည်ရွယ်ချက်** – အသံအနိမ့်အမြင့် အတိုအရှည်ကို နားလည်ခံစား၍ ပလွေဖြင့် မှုတ်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၃/၅

### သင်ယူမှုဦးတည်ချက်

မင်နမ်(Minim) သင်္ကေတကိုကြည့်၍ လေးချက်စည်းဖြင့် သာယာစွာ မှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- ဆရာက ကလေးများကိုစာသင်ချိန်(၂)တွင်သင်ကြားခဲ့သော လေ့ကျင့်ခန်း(၁)ကို ပြန်လည်လေ့ကျင့်ပေးပါမည်။ (၁၀ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက မင်နမ်(Minim)ကို လျှာအနေအထားမှန်မှန်ဖြင့် မှုတ်ပြပြီး ကလေးများကိုလည်း လေ့ကျင့်စေမည်။
- ဆရာက ကျောင်းသုံးစာအုပ်ရှိ "နှစ်ယောက်တစ်တွဲတွဲပြီး အပြန်အလှန်မှုတ်ကြမယ်"လေ့ကျင့်ခန်းကိုပြကာ ဒို ရေ မီ ဖာ ဆို လာ တီ ဒို သင်္ကေတကို ရွတ်ဆိုပြပါမည်။ ကလေးများအား လိုက်ဆိုစေပါမည်။
- အထက်ပါလေ့ကျင့်ခန်းရှိ သင်္ကေတများကို ကြည့်၍ မင်နမ်(Minim)ကို မှုတ်စေပါမည်။
- ဆရာက လေ့ကျင့်ခန်း(၂)မှ ဘားတစ်ဘားချင်းစီကို စည်းချက်မှန်မှန်ဖြင့် မှုတ်ပြပါမည်။
- ရိုက်ချက်(၂)ချက်ရှိသော မင်နမ်(Minim)ကို သင်္ကေတတန်ဖိုးအတိုင်းလေ့ကျင့်ပေးရပါမည်။
- ဆရာက ပထမဘားကိုမှုတ်ပြပြီး ကလေးများအား လိုက်မှုတ်စေပါမည်။ ထိုအတိုင်းဒုတိယဘားကို ဆက်လက်လေ့ကျင့်ပေးရပါမည်။
- ဒုတိယဘားကို လေ့ကျင့်ပြီးပါက နှစ်ဘားဆက်တိုက်ကို တစ်ဆက်တည်း မှုတ်စေပါမည်။
- အထက်ပါအတိုင်း တတိယဘားနှင့် စတုတ္ထဘား၊ ပဉ္စမဘားနှင့် ဆဋ္ဌမဘား၊ သတ္တမဘားနှင့် အဋ္ဌမဘားတို့ကို ဆက်လက်လေ့ကျင့်ပေးရပါမည်။
- နောက်ဆုံးတွင် (၄)ယောက်တစ်ဖွဲ့ဖွဲ့ကာ၊ နှစ်ဘားစီကိုအလှည့်ကျ မှုတ်နိုင်ရန် လေ့ကျင့်စေမည်။(၂၀ မိနစ်)

**နိဂုံး**

- လေ့ကျင့်ခန်း(၂)ကို အဖွဲ့လိုက် အလှည့်ကျ မှုတ်စေမည်။ (၁၀ မိနစ်)





### သတိပြုရမည့်အချက်များ

- ကလေးနှစ်ဦးကို အပြန်အလှန်မှုတ်ခိုင်းရာတွင် နှစ်ဘားချင်းစီခွဲမှုတ်ခိုင်းပါ။
- အသံတစ်ဆက်တည်းမှုတ်ရာတွင် လျှာ အသုံးပြုပုံမှန်ကန်၍ အသံမပြတ်စေရန် သတိပြုရမည်။
- ဘားနှစ်ဘားကို ဆက်တိုက်မှုတ်ပြီးပါက အသက်ရှူရမည်။ V သည် အသက်ရှူရမည့်နေရာဖြစ်သည်။
- စည်းချက်ညီညီဖြင့် နှစ်ဘားဆက်တိုက် တစ်ဆက်တည်းမှုတ်နိုင်ရန် လေ့ကျင့်ပေးပါ။
- လေးချက်စည်း ဖြစ်သောကြောင့် အဖွဲ့လိုက်ညီညီညာညာမှုတ်နိုင်ရန် ဆရာက 1,2,3,4 Timing ခေါ်ပေးရမည်။

### စစ်ဆေးအကဲဖြတ်ချက်

- လေ့ကျင့်ခန်း (၂)မှ မင်နမ်(Minim)သင်္ကေတကို ကြည့်၍ ဘားနှစ်ဘားကို အသံသာယာစွာ တစ်ဆက်တည်းမှုတ်နိုင်သည်။

DBE Box – Copyright Protected


အခန်း(၅) အသံအနိမ့်အမြင့်ခွဲခြားခြင်း

နှစ်ချက်စည်းနဲ့ quaver သင်္ကေတများကို မှုတ်ကြစို့



၂၉

## အခန်း(၅) အသံအနိမ့်အမြင့်ခွဲခြားခြင်း

**ရည်ရွယ်ချက်** – အသံအနိမ့်အမြင့် အတိုအရှည်ကို နားလည်ခံစား၍ ပလွေဖြင့် မှုတ်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၄/၅

### သင်ယူမှုဦးတည်ချက်

ကွေဗာ(Quaver)သင်္ကေတကိုကြည့်၍ နှစ်ချက်စည်းဖြင့် သာယာစွာ မှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ကလေးများအား စာသင်ချိန်(၃)တွင်သင်ကြားခဲ့သော လေ့ကျင့်ခန်း(၂)ကို ပြန်လည်လေ့ကျင့်ပေးပါမည်။(၁၀ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ကွေဗာ(Quaver)ကို လျှာအနေအထားမှန်မှန်ဖြင့် မှုတ်ပြပြီး ကလေးများကိုလည်း လေ့ကျင့်စေမည်။
- ဆရာက ကျောင်းသုံးစာအုပ်ရှိ "နှစ်ယောက်တစ်တွဲတွဲပြီး၊ အပြန်အလှန်မှုတ်ကြမယ်"လေ့ကျင့်ခန်းကိုပြကာ ဒို ရေ မီ ဖာ ဆို လာ တီ ဒို သင်္ကေတကို ရွတ်ဆိုပြပါမည်။ ကလေးများအား လိုက်ဆိုစေပါမည်။
- အထက်ပါလေ့ကျင့်ခန်းရှိ သင်္ကေတများကို ကြည့်၍ ကွေဗာ(Quaver)ကို မှုတ်စေပါမည်။
- ဆရာက လေ့ကျင့်ခန်း(၃)မှ ဘားတစ်ဘားချင်းစီကို စည်းချက်မှန်မှန်ဖြင့် မှုတ်ပြပါမည်။
- ရိုက်ချက်တစ်ဝက်ရှိသော ကွေဗာ(Quaver)ကို သင်္ကေတတန်ဖိုးအတိုင်းလေ့ကျင့်ပေးရပါမည်။
- ဆရာက ပထမဘားကို မှုတ်ပြပြီး ကလေးများအားလိုက်မှုတ်စေပါမည်။ ထိုအတိုင်းဒုတိယဘားကို ဆက်လက်လေ့ကျင့်ပေးရပါမည်။
- ဒုတိယဘားကို လေ့ကျင့်ပြီးပါက နှစ်ဘားဆက်တိုက်ကို တစ်ဆက်တည်း မှုတ်စေပါမည်။
- အထက်ပါအတိုင်း တတိယဘားနှင့် စတုတ္ထဘား၊ ပဥ္စမဘားနှင့် ဆဋ္ဌမဘား၊ သတ္တမဘားနှင့် အဋ္ဌမဘားတို့ကို ဆက်လက် လေ့ကျင့်ပေးရပါမည်။
- နောက်ဆုံးတွင် (၄)ယောက်တစ်ဖွဲ့ဖွဲ့ကာ နှစ်ဘားစီကိုအလှည့်ကျ မှုတ်နိုင်ရန် လေ့ကျင့်စေမည်။(၂၀ မိနစ်)

**နိဂုံး**

- လေ့ကျင့်ခန်း(၃)ကို အဖွဲ့လိုက် အလှည့်ကျ မှုတ်စေမည်။ (၁၀ မိနစ်)

### သတိပြုရမည့်အချက်များ

- ကလေးနှစ်ဦးကို အပြန်အလှန်မှုတ်ခိုင်းရာတွင် နှစ်ဘားချင်းစီခွဲမှုတ်ခိုင်းပါ။
- အသံတစ်ဆက်တည်းမှုတ်ရာတွင် လျှာ အသုံးပြုပုံမှန်ကန်၍ အသံမပြတ်စေရန် သတိပြုရမည်။
- ဘားနှစ်ဘားကို ဆက်တိုက်မှုတ်ပြီးပါက အသက်ရှူရမည်။ V သည် အသက်ရှူရမည့်နေရာဖြစ်သည်။
- စည်းချက်ညီညီဖြင့် နှစ်ဘားဆက်တိုက် တစ်ဆက်တည်းမှုတ်နိုင်ရန် လေ့ကျင့်ပေးပါ။
- နှစ်ချက်စည်း ဖြစ်သောကြောင့် အဖွဲ့လိုက်ညီညီညာညာမှုတ်နိုင်ရန် ဆရာက 1,2 Timing ခေါ်ပေးရမည်။

### စစ်ဆေးအကဲဖြတ်ချက်

- လေ့ကျင့်ခန်း(၃)မှ ကွေဗာ(Quaver) သင်္ကေတကို ကြည့်ပြီး ဘားနှစ်ဘားကို အသံသာယာစွာ တစ်ဆက်တည်းမှုတ်နိုင်သည်။

DBE Box – Copyright Protected

## အခန်း(၅) အသံအနိမ့်အမြင့်ခွဲခြားခြင်း

**ရည်ရွယ်ချက်** – အသံအနိမ့်အမြင့် အတိုအရှည်ကို နားလည်ခံစား၍ ပလွေဖြင့် မှုတ်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

မိတ်ဖက်တေးသံစဉ်နှစ်ခုကို တစ်ထပ်တည်းကျအောင် မှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- ဆရာက ကလေးများကို စာသင်ချိန်(၄)တွင် သင်ကြားခဲ့သော လေ့ကျင့်ခန်း(၃)ကို ပြန်လည်လေ့ကျင့်ပေးပါမည်။(၁၀ မိနစ်)


**လုပ်ငန်းစဉ်**

- ဆရာက လေ့ကျင့်ခန်းမှ အမည်းရောင်ဖြင့် ရေးထားသောဘား တစ်တန်းချင်းစီကို စည်းချက်မှန်မှန်ဖြင့် ဖြည်းဖြည်းချင်း မှုတ်ပြပါမည်။
- ဆရာမှုတ်ပြသည့်အတိုင်း ကလေးများကို ဖြည်းဖြည်းချင်း လိုက်မှုတ်စေပါမည်။
- အမည်းရောင် ဘားလေးတန်းလုံးကို မှုတ်နိုင်အောင် ဘားတစ်တန်းချင်းစီကို လေ့ကျင့်ပေးရပါမည်။
- ဖြည်းဖြည်းချင်းမှုတ်နိုင်ပါက အသံအတိုအရှည်အတိုင်း မြန်မြန်မှုတ်နိုင်အောင် လေ့ကျင့်ပေးရမည်။
- အမည်းရောင် ဘားလေးတန်းလုံးမှုတ်နိုင်ပါက ကလေးများအား နှစ်ယောက်တစ်တွဲ တွဲပေး၍ ဘားတစ်တန်းချင်းစီကို အပြန်အလှန်မှုတ်စေပါမည်။
- ကလေးများအား ပထမသံစဉ်ကို မှုတ်ခိုင်းပြီး၊ ဆရာက ဒုတိယသံစဉ်ကို တစ်ထပ်တည်းကျအောင်မှုတ်ပြမည်။
- ဒုတိယတေးသွား အနီရောင် ဘားလေးတန်းလုံးကို မှုတ်နိုင်အောင် ဘားတစ်တန်းချင်းစီကို လေ့ကျင့်ပေးရပါမည်။
- နှစ်ယောက်တစ်တွဲတွဲပြီး၊ ပထမနှင့် ဒုတိယတေးသွားကို တစ်ထပ်တည်းကျအောင် အပြန်အလှန်မှုတ်စေမည်။ (၂၀ မိနစ်)

**နိဂုံး**

- ကျောင်းသားများကို အဖွဲ့၍ "မိတ်ဖက်တေးသံစဉ်နှစ်ခုကို တစ်ထပ်တည်းကျအောင်မှုတ်ကြစို့" သီချင်းကို တစ်ထပ်တည်း ကျအောင် မှုတ်စေမည်။(၁၀ မိနစ်)




### သတိပြုရမည့်အချက်များ

- ဤစာသင်ချိန်တွင် အမည်းရောင်ဖြင့်ရေးထားသော ဘားများကို အရင်သင်ပေးရမည်။
- ကလေးများလိုက်နိုင်ပါက အနီရောင်ဖြင့် ရေးထားသော ဘားများကို ဆက်လက်သင်ပေးရမည်။
- အနီရောင်ဘားသည်လိုက်နိုင်သော ကလေးများအတွက်ဆက်လက် လုပ်ဆောင်ရန်ထည့်ပေးထားခြင်းဖြစ်သည်။
- အမည်းရောင်ဘားသည် ပထမတေးသွား ဖြစ်သည်။ အနီရောင်ဘားသည် ဒုတိယ တေးသွားဖြစ်သည်။
- အမည်းရောင်ဘား နှင့် အနီရောင်ဘားများကို တေးသွားအသံ တစ်ထပ်တည်းကျပြီး မှုတ်နိုင်အောင်လေ့ကျင့်ပေးပါ။
- တစ်ထပ်တည်းကျအောင်မှုတ်ချိန်တွင် Timing စသည်တို့ကို တိတိကျကျဖြစ်စေဖို့ထက် ကလေးများ ပျော်ပျော်ရွှင်ရွှင်မှုတ်စေရန် အရေးကြီးပါသည်။

### စစ်ဆေးအကဲဖြတ်ချက်

- မိတ်ဖက်တေးသံစဉ်နှစ်ခုကို တစ်ထပ်တည်းကျအောင် မှုတ်ကြစို့ သင်ခန်းစာကို ပျော်ပျော်ရွှင်ရွှင်မှုတ်နိုင်သည်။

DBE Box – Copyright Protected

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## ၂.၆။ အခန်း(၆) ညီညီလေးရဲ့လ

ဒုတိယတန်း (ဇန်နဝါရီလ ဒုတိယပတ်မှ ဖေဖော်ဝါရီလ ဒုတိယပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ညီညီလေးရဲ့လ |
| ရည်ရွယ်ချက် | ညီညီလေးရဲ့လ တေးကဗျာကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေဖြင့်သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ ပလွေ။ |
| သင်ကြားမည့်အကြောင်းအရာ | - တေးကဗျာ၏ အဓိပ္ပာယ်ကို နားလည်ခံစား၍ သီဆိုကြမည်။<br>- ညီညီလေးရဲ့လ တေးကဗျာကို လက်ကွက်မှန်ကန်စွာဖြင့် မှုတ်ကြမည်။<br>- ညီညီလေးရဲ့လ တေးကဗျာ၏ နောက်ဆုံးဘားသံစဉ်ကို တစ်ထပ်တည်းကျအောင်မှုတ်ကြမည်။<br>- အသံအနိမ့်အမြင့်၊ သံစဉ်အနှေးအမြန်ကို သတိထားကာ ညီညီလေးရဲ့လ တေးကဗျာကို ညီညီညာညာ မှုတ်ကြမည်။<br>- ညီညီလေးရဲ့လ တေးကဗျာကို အဖွဲ့လိုက်သရုပ်ဖော်ကြမည်။<br>ဤသင်ခန်းစာတွင် ပလွေဖြင့် ဒို ရေ မီ အသံကို လက်ပေါက်မှန်ကန်စွာထား၍ သာယာသော အသံနေအသံထားဖြင့် စည်းဝါးကျကျမှုတ်တတ်ရန် အလေးထားပါမည်။ ဒုတိယတန်းတွင် သင်ကြားမည့် ညီညီလေးရဲ့လ တေးကဗျာအား ဆရာက နမူနာမှုတ်ပြသည်ကို နားထောင်၍သီချင်း၏ သဘောတရားကို မှတ်သားမည်။ ဒုတိယ၊ တတိယအချိန်တွင် သီချင်း၏သံစဉ်ကို ဖြည်းညင်းစွာမှုတ်ပြီး လေ့ကျင့်ကာမှတ်သားမည်။ စတုတ္ထ၊ ပဉ္စမအချိန်တွင် သာယာသော အသံနေအသံထားဖြင့် စည်းဝါးတကျမှုတ်နိုင်ရန်လေ့ကျင့်ကာ ပဉ္စမအချိန်တွင် သီချင်း တစ်ပုဒ်လုံးကို သီချင်းနှင့် လိုက်ဖက်ညီသောစည်းချိန်ဖြင့် စည်းချက်မှန်စွာဖြင့် တစ်ပေါင်းတည်း မှုတ်မည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် (၅)ချိန် |

| **စာသင်ချိန်** | **သင်ယူမှုဦးတည်ချက်** | **စစ်ဆေးအကဲဖြတ်ချက် (သင့်အဆင့်)** |
|---|---|---|
| ၁။ | တေးကဗျာ၏ အဓိပ္ပာယ်ကို နားလည်ခံစား၍ သီဆိုတတ်ရန်။ | တေးကဗျာ၏ အဓိပ္ပာယ်ကို နားလည်ပြီး သီဆိုနိုင်သည်။ |
| ၂။ | ညီညီလေးရဲ့လ တေးကဗျာကို လက်ကွက် မှန်ကန်စွာဖြင့် သာယာစွာ မှုတ်နိုင်ရန်။ | ညီညီလေးရဲ့လ တေးကဗျာကို လက်ကွက်မှန်ကန်စွာဖြင့် မှုတ်နိုင်သည်။ |
| ၃။ | ညီညီလေးရဲ့လတေးကဗျာ၏ နောက်ဆုံးဘားသံစဉ်ကို လက်ကွက်မှန်မှန်ဖြင့် တစ်ထပ်တည်းကျအောင် မှုတ်နိုင်ရန်။ | ညီညီလေးရဲ့လ တေးကဗျာ၏ နောက်ဆုံးဘားသံစဉ်ကို တစ်ထပ်တည်းကျအောင် မှုတ်နိုင်သည်။ |
| ၄။ | အသံအနိမ့်အမြင့်၊ စည်းချက်အနှေးအမြန်ကို သတိထားကာ ညီညီလေးရဲ့လ တေးကဗျာကို ညီညီညာညာ မှုတ်တတ်ရန်။ | အဖွဲ့လိုက် အသံအနိမ့်အမြင့်နှင့် စည်းချက်အနှေးအမြန် မှန်အောင် မှုတ်နိုင်သည်။ |
| ၅။ | ညီညီလေးရဲ့လ တေးကဗျာကို ပလွေမှုတ်၍ အဖွဲ့လိုက်သီဆို သရုပ်ဖော်တတ်ရန်။ | ညီညီလေးရဲ့လ တေးကဗျာစာသားအတိုင်းပျော်ရွှင်စွာ သရုပ်ဖော်နိုင်သည်။ |

DPE Box – Copyright Protected

## အခန်း(၆) ညီညီလေးရဲ့လ

**ရည်ရွယ်ချက်** – ညီညီလေးရဲ့လ တေးကဗျာကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေဖြင့်သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၁/၅

### သင်ယူမှုဦးတည်ချက်

တေးကဗျာ၏ အဓိပ္ပာယ်ကို နားလည်ခံစား၍ သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ‘ကလေးတို့ ဖိုးလမင်းကြီးကို မြင်ဖူးသလား’
- ‘ဖိုးလမင်းက ဘယ်နေရာမှာရှိသလဲ၊ ဒါဆိုရင် ဖိုးလမင်းနဲ့ ပတ်သက်တဲ့တေးကဗျာတစ်ပုဒ်ကို ဆိုပြမယ်နော်’ ဟုပြော၍ ကလေးများအား သေချာစွာ နားထောင်စေပါမည်။
- ဆရာက ညီညီလေးရဲ့လ တေးကဗျာကို ခံစားချက်ထည့်၍ အသံမှန်မှန်ဖြင့် ဆိုပြပါမည်။(၁၀မိနစ်)

**လုပ်ငန်းစဉ်**


- ဆရာက တေးစာသားကို အသံနေအသံထား မှန်ကန်စွာဖြင့် သုံးကြိမ်ခန့် ဆိုပြပါမည်။ ထို့နောက် ဆရာဆိုပြသည့်အတိုင်း ကလေးများကို လိုက်ဆိုစေပါမည်။
- ကလေးများကိုအဖွဲ့ဖွဲ့ပေး၍ တစ်ဖွဲ့ချင်းစီ ဆိုစေပါမည်။ သီဆိုသောအခါတွင် ခံစားချက်ထည့်၍ သီဆိုစေပါမည်။ ကျန်သောအဖွဲ့များကို နားထောင်စေပါမည်။
- တေးကဗျာကိုသီဆိုပြီးသောအခါ ကလေးများ စိတ်ထဲတွင် မည်သို့ခံစားရသည်ကို မေးရပါမည်။
- ကလေးများ၏ ခံစားချက်ကို ထုတ်ဖော်ပြောဆိုခွင့်ပေးရမည်။ ကျန်သောကလေးများကိုလည်း နားထောင်စေပါမည်။
- ဆရာက ကျောင်းသုံးစာအုပ်ရှိ စာမျက်နှာ (၃၃)ပါ ဒို ရေ မီ သင်္ကေတများကို ဆက်လက်သင်ပေးရပါမည်။ ဆရာက ဒို ရေ မီ သင်္ကေတအသံထွက်ကို အသံအနိမ့်အမြင့် မှန်ကန်စွာဖြင့် ဆိုပြရမည်။
- ဆရာဆိုပြသည့်အတိုင်း ကလေးများကို လိုက်ဆိုစေပါမည်။
- ကလေးများအား အသံအနိမ့်အမြင့်ကို ဂရုစိုက်ပြီး သီဆိုစေပါမည်။ နောက်ဆုံးဘားမှ နောက်ဆုံးအသံ၏ အသံရှိန်ကိုဆွဲ၍ ဆိုစေပါမည်။(၂၀ မိနစ်)

**နိဂုံး**

- ကလေးများကို အဖွဲ့ဖွဲ့၍ အလှည့်ကျဆိုခိုင်းရမည်။ တေးစာသားကို တစ်ဖွဲ့ကဆို၍ ဒို ရေ မီ သံစဉ်ကို တစ်ဖွဲ့က ဆိုရမည်။ (၁၀ မိနစ်)

အခန်း(၆) ညီညီလေးရဲ့လ

**အခန်း(၆) ညီညီလေးရဲ့လ**




၄၂

### သတိပြုရမည့်အချက်များ

- ကလေးများပျော်ရွှင်စေရန် ဒို ရေ မီ ကို ဆိုရာတွင် လက်ဟန်နှင့် သရုပ်ဖော်ပြီး ဆိုခိုင်းလျှင် ပိုကောင်းပါသည်။
- ဒို ရေ မီ ကိုဆိုရာတွင် အနိမ့်သံ အမြင့်သံကို နားလည်ပြီး ဆိုရမည်။
- စာသားကိုဆိုရာတွင် အဓိပ္ပာယ်ကို နားလည်ပြီး ခံစားချက်ထည့်၍ ဆိုနိုင်အောင် ဂရုစိုက်ပေးရမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးကဗျာ၏အဓိပ္ပာယ်ကို နားလည်ပြီး သီဆိုနိုင်သည်။

DBE Box - Copyright Protected

အခန်း(၆) ညီညီလေးရဲ့လ




၃၃

## အခန်း(၆) ညီညီလေးရဲ့လ

**ရည်ရွယ်ချက်** – ညီညီလေးရဲ့လ တေးကဗျာကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေဖြင့်သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၂/၅

### သင်ယူမှုဦးတည်ချက်

ညီညီလေးရဲ့လ တေးကဗျာကို လက်ကွက်မှန်ကန်စွာဖြင့် သာယာစွာ မှုတ်နိုင်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ညီညီလေးရဲ့လ တေးကဗျာ၏ စာသားကို အသံအနိမ့်အမြင့် မှန်ကန်စွာဖြင့် ပြန်လည်သီဆိုမည်။
- ဒို ရေ မီ သင်္ကေတကို အသံအနိမ့်အမြင့်မှန်ကန်စွာ ရွတ်ဆိုခိုင်းမည်။(၁၀ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက တစ်ဘားချင်းစီကို ဖြည်းဖြည်းချင်းမှုတ်ပြပါမည်။
- ဆရာက ပထမဘားကို မှုတ်ပြပြီး ကလေးများကို မှုတ်စေပါမည်။
- ကလေးများ လက်ကွက်မှန်ကန်စွာဖြင့် ဖြည်းဖြည်းချင်းမှုတ်နိုင်အောင် ဂရုစိုက်ရမည်။
- ထိုနည်းအတိုင်းလေးဘားလုံးကို လေ့ကျင့်စေပါမည်။
- လက်ကွက်နှင့် အသံထွက်မှန်ကန်စေရန် သတိထားပြီး မှုတ်စေပါမည်။
- လေးဘားလုံးမှုတ်နိုင်ပါက အဖွဲ့နှစ်ဖွဲ့ခွဲ၍ တစ်ဖွဲ့ကို ပလွေမှုတ်ခိုင်းပြီး တစ်ဖွဲ့ကို ဒို ရေ မီ သင်္ကေတရွတ်ဆိုစေပါမည်။
- အပြန်အလှန်အလှည့်ကျနှစ်ဘားချင်းစီ မှုတ်စေပါမည်။
- ကလေးများအားလုံးပါဝင်နိုင်အောင် ဆရာက ကူညီပေးရမည်။ (၂၀ မိနစ်)

**နိဂုံး**

- အဖွဲ့ဖွဲ့၍သော်လည်းကောင်း၊ နှစ်ယောက်တစ်တွဲတွဲ၍သော်လည်းကောင်း ညီညီလေးရဲ့လ တေးကဗျာ၏ နှစ်ဘားချင်းစီကို အလှည့်ကျ အပြန်အလှန်မှုတ်စေပါမည်။(၁၀ မိနစ်)

### သတိပြုရမည့်အချက်များ

- စာသားနှင့် သင်္ကေတကိုရွတ်ဆိုရာတွင် အသံအနိမ့်အမြင့် မှန်ကန်စွာဖြင့် ရွတ်ဆိုရမည်။
- ရိုက်ချက်မှန်ကန်စွာ သီဆိုနိုင်အောင် သတိပြုရမည်။
- ဖြည်းဖြည်းချင်း မှန်ကန်စွာမှုတ်နိုင်အောင် ဂရုစိုက်၍ မှုတ်ရမည်။
- နှစ်ဘားဆက်တိုက်မှုတ်ပြီးမှ အသက်ရှူရမည်။

### စစ်ဆေးအကဲဖြတ်ချက်

- ညီညီလေးရဲ့လ တေးကဗျာကို လက်ကွက်မှန်ကန်စွာဖြင့် မှုတ်နိုင်သည်။

DBE Box – Copyright Protected

## အခန်း(၆) ညီညီလေးရဲ့လ

**ရည်ရွယ်ချက်** – ညီညီလေးရဲ့လ တေးကဗျာကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေဖြင့်သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၃/၅

### သင်ယူမှုဦးတည်ချက်

ညီညီလေးရဲ့လတေးကဗျာ၏ နောက်ဆုံးဘားသံစဉ်ကို လက်ခွက် မှန်မှန်ဖြင့် တစ်ထပ်တည်းကျအောင် မှုတ်နိုင်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ညီညီလေးရဲ့လ တေးကဗျာ၏ စာသားနှင့်သံစဉ်သင်္ကေတကို ပြန်လည်ရွတ်ဆိုစေပြီး ပလွေဖြင့် လေ့ကျင့်မည်။(၁၀ မိနစ်)

**လုပ်ငန်းစဉ်**


- ဆရာက စာသားသင်္ကေတကို မှုတ်ပြမည်။
- သာယာသောအသံဖြင့် မှုတ်နိုင်အောင် ကလေးများကို လေ့ကျင့်ပေးရမည်။ ကလေးများကို အချိန်များများလေ့ကျင့်ခိုင်းပါမည်။
- ဆရာက နောက်ဆုံးဘားတွင် ရေးထားသော အမည်းရောင်သင်္ကေတနှင့် အနီရောင်သင်္ကေတနှစ်ခုသည် သံစဉ်ကိုတစ်ထပ်တည်းကျအောင်မှုတ်ရကြောင်းပြောပြရမည်။
- ဆရာကနောက်ဆုံးဘား၏အသံကို ရှင်းပြပြီးမှုတ်ပြပါမည်။ ကလေးများအား သင့်လျော်သလိုအုပ်စုဖွဲ့၍ အဖွဲ့အားလုံးကို အနီရောင်သင်္ကေတကို မှုတ်ခိုင်းပြီး လေ့ကျင့်စေပါမည်။
- ဆရာက ကလေးတစ်ယောက်ကိုခေါ်၍ ဆရာနှင့် အတူတူ အပြန်အလှန်မှုတ်ပြမည်။
- အုပ်စုအတွင်းအနီရောင်သင်္ကေတနှင့် အမည်းရောင်သင်္ကေတ မှုတ်မည့်သူများကို ဆရာကသတ်မှတ်ပေးပြီး နောက်ဆုံးဘား သံစဉ်ကို အပြန်အလှန်တစ်ထပ်တည်းကျအောင် မှုတ်နိုင်ရန် လေ့ကျင့်စေပါမည်။(၂၀ မိနစ်)


**နိဂုံး**

- အဖွဲ့နှစ်ဖွဲ့ခွဲပြီး သီချင်းအစအဆုံးကို မှုတ်စေပြီး နောက်ဆုံးဘား သံစဉ်ကို တစ်ထပ်တည်းကျအောင် အပြန်အလှန်မှုတ်စေပါမည်။ (၁၀ မိနစ်)


အခန်း(၆) ညီညီလေးရဲ့လ

**ညီညီလေးရဲ့လ တေးကဗျာကို လက်ခွက်မှန်မှန် မှုတ်ကြစို့**





နှစ်ယောက်တစ်တွဲတွဲပြီး ပထမသံစဉ်နှင့် ဒုတိယသံစဉ်ကို တစ်ထပ်တည်းမှုတ်ကြရအောင်



① ပထမသံစဉ်
② ဒုတိယသံစဉ်
①+② တစ်ထပ်တည်းမှုတ်မယ်

၄၄

### သတိပြုရမည့်အချက်များ

- လေအားမပြင်းစေဘဲ ဖြည်းညင်းစွာ မှုတ်ခိုင်းပြီး လက်ပေါက်မှန်အောင် ဂရုစိုက်ရမည်။
- စာသင်ချိန်အတွင်းလေ့ကျင့်ချိန်များများပေးရမည်။
- မှုတ်ရန် အခက်အခဲရှိနိုင်သော ကလေးများကိုဆရာနှင့်အတူတူ လေ့ကျင့်ပေးရန် လိုအပ်သည်။
- သံစဉ်နှစ်ခုကို တစ်ထပ်တည်းကျအောင် ဂရုစိုက်ပေးပါ။
- ကလေးများကို အသံတစ်ထပ်တည်းကျအောင် တင်းကျပ်စွာ လေ့ကျင့်ပေးခြင်းထက် ကလေးများက သံစဉ်နှစ်ခုကိုတစ်ထပ်တည်းအတူ မှုတ်ခြင်းဖြင့် ပျော်ရွှင်စေရန် သင်ကြားရမည်။

### စစ်ဆေးအကဲဖြတ်ချက်

- ညီညီလေးရဲ့လ တေးကဗျာ၏ နောက်ဆုံးဘားသံစဉ်ကို တစ်ထပ်တည်းကျအောင် မှုတ်နိုင်သည်။

DBE Box—Copyright Protected

အခန်း(၆) ညီညီလေးရဲ့လ

**ညီညီလေးရဲ့လ တေးကဗျာကို မှုတ်ကြစို့**



အသံအနိမ့်အမြင့် မှန်မှန်နဲ့ မှုတ်နေတယ်နော်



စည်းချက်အနှေးအမြန်ကို သတိထားပြီး မှုတ်ကြမယ်နော်

အားလုံးညီညီညာညာ မှုတ်ကြစို့





၃၅

## သတိပြုရမည့်အချက်များ

- သံစဉ်အနိမ့်အမြင့်၊ အနှေးအမြန်ကို သတိထားပြီး မှုတ်စေမည်။
- အဖွဲ့လိုက် အပြန်အလှန်မှုတ်ရာတွင် လေတစ်ဆက်တည်းဖြစ်အောင် မှုတ်စေမည်။
- ဘားနှစ်ဘားဆက်တိုက်မှုတ်ပြီးပါက အသက်ရှူရမည်။
- အဖွဲ့လိုက် ညီညွတ်စွာမှုတ်နိုင်ရန် ဆွေးနွေးတိုင်ပင်စေပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- အဖွဲ့လိုက် အသံအနိမ့်အမြင့်နှင့် စည်းချက်အနှေးအမြန် မှန်အောင် မှုတ်နိုင်သည်။

## အခန်း(၆) ညီညီလေးရဲ့လ

**ရည်ရွယ်ချက်** – ညီညီလေးရဲ့လ တေးကဗျာကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေဖြင့်သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၄/၅

### သင်ယူမှုဦးတည်ချက်

အသံအနိမ့်အမြင့်၊ စည်းချက်အနှေးအမြန်ကို သတိထားကာ ညီညီလေးရဲ့လ တေးကဗျာကို ညီညီညာညာမှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ညီညီလေးရဲ့လ တေးကဗျာ၏ စာသားနှင့်သံစဉ် သင်္ကေတကို ပြန်လည်ရွတ်ဆိုမည်။(၁၀မိနစ်)

**လုပ်ငန်းစဉ်**

- တေးကဗျာ၏ ပထမဘားနှင့် ဒုတိယဘားကို ဆရာက မှုတ်ပြမည်။ ပထမဘား၏ တေးသွားနှင့် စည်းချက် အနှေးအမြန်ကို ရှင်းပြမည်။ အသံအနိမ့်အမြင့်ကို သတိထားကာ ပလွေဖြင့် ထပ်၍ မှုတ်ပြရမည်။
- သင်္ကေတကြည့်ပြီး မှုတ်ရာတွင် တစ်ဘားချင်းစီကို လက်ပေါက် မှန်ကန်စွာဖြင့် ဖြည်းဖြည်းချင်းမှုတ်နိုင်အောင် သင်ပေးရမည်။
- အသံအနိမ့်အမြင့်နှင့် စည်းချက်အနှေးအမြန်ကို သတိထား၍ မှုတ်ခိုင်းပြီး တစ်ဘားချင်းစီ ဒုတိယဘားအထိ လေ့ကျင့်ခိုင်းရပါမည်။ ထို့နောက်တတိယဘားနှင့် စတုတ္ထဘားကို ဆက်လက် လေ့ကျင့်ခိုင်းမည်။
- အဖွဲ့နှစ်ဖွဲ့ခွဲ၍ အပြန်အလှန်အလှည့်ကျ မှုတ်နိုင်အောင် လေ့ကျင့်ခိုင်းရပါမည်။
- အဖွဲ့လိုက် အသံအနိမ့်အမြင့် စည်းချက်အနှေးအမြန်ကို သတိထားပြီး မှန်ကန်စွာ မှုတ်စေပါမည်။(၂၀ မိနစ်)

**နိဂုံး**

- အထက်ပါအုပ်စုနှစ်ဖွဲ့ကို အသံအနိမ့်အမြင့် စည်းချက်အနှေး အမြန် မှန်ကန်စွာဖြင့် နှစ်ဘားစီ အပြန်အလှန်မှုတ်စေမည်။ (၁၀ မိနစ်)

DBE Box – Copyright Protected

## အခန်း(၆) ညီညီလေးရဲ့လ

**ရည်ရွယ်ချက်** – ညီညီလေးရဲ့လ တေးကဗျာကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေဖြင့်သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

ညီညီလေးရဲ့လ တေးကဗျာကို ပလွေမှုတ်၍ အဖွဲ့လိုက်သရုပ်ဖော် တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ညီညီလေးရဲ့လ တေးကဗျာစာသားနှင့် ဒို ရေ မီ သင်္ကေတကို ပြန်လည် ရွတ်ဆိုခိုင်းမည်။(၁၀ မိနစ်)

**လုပ်ငန်းစဉ်**

- ကလေးများကို အုပ်စုနှစ်စုဖွဲ့၍ တစ်ဖွဲ့အား တေးကဗျာကို ရွတ်ဆိုစေပြီး၊ ကျန်တစ်ဖွဲ့အား ပလွေဖြင့် မှုတ်စေမည်။
- ထိုလုပ်ငန်းစဉ်အား တစ်လှည့်စီအပြန်အလှန်လုပ်စေမည်။
- ဆရာက ယနေ့သင်ခန်းစာမှာ ညီညီလေးရဲ့လ တေးကဗျာကို သရုပ်ဖော် သီဆိုရမည်ဖြစ်ကြောင်း ပြောပြပါမည်။
- အုပ်စုလိုက်မည်သို့ သရုပ်ဖော်မည်ကို အုပ်စုနှစ်ဖွဲ့လုံးအား စဉ်းစားဆွေးနွေးစေပါမည်။
- ဆွေးနွေးပြီးနောက် အဖွဲ့လိုက်သရုပ်ဖော်ပုံကို လေ့ကျင့်စေပါမည်။(၂၀ မိနစ်)

**နိဂုံး**

- အဖွဲ့တစ်ဖွဲ့အား တေးကဗျာကို ပလွေဖြင့်မှုတ်စေပြီး ကျန်တစ်ဖွဲ့အား သရုပ်ဖော်သီဆိုစေပါမည်။
- အထက်ပါ လုပ်ငန်းစဉ်ကို ကလေးများအား အပြန်အလှန် ပြုလုပ်စေပါမည်။(၁၀ မိနစ်)



**ညီညီလေးရဲ့လ တေးကဗျာကို အဖွဲ့လိုက်ညီညီညာညာသရုပ်ဖော်ကြစို့**







### သတိပြုရမည့်အချက်များ

- လျှာကို အသုံးပြုပြီး သာယာသောအသံဖြင့် မှုတ်ရမည်။
- စည်းချက်အနှေးအမြန်ကို သတိထား၍ မှုတ်ရမည်။
- ပလွေသံနှင့် သီဆိုမှုကို တစ်ထပ်တည်းကျအောင် တီးမှုတ်သီဆိုရန် ဆရာက ဂရုစိုက်၍ ပြောရပါမည်။
- သရုပ်ဖော်ရာတွင် ကလေးများအားလုံးကို ပျော်ရွှင်စွာ သရုပ်ဖော်စေမည်။
- အဖွဲ့တိုင်းအား ချီးကျူးစကားပြောကြားပေးရမည်။



### စစ်ဆေးအကဲဖြတ်ချက်

- ညီညီလေးရဲ့လ တေးကဗျာစာသားအတိုင်းပျော်ရွှင်စွာ သရုပ်ဖော်နိုင်သည်။

DBE Box – Copyright Protected

# ဂီတဝေါဟာရများ (ဒုတိယတန်း)

တေးဂီတသုံး ဝေါဟာရ၊ စကားလုံး

| စဉ် | သင်္ကေတ | သင်္ကေတ၏အဓိပ္ပာယ် |
|---|---|---|
| ၁။ | Crotchet | Whole Note ၏ ၄ပုံတစ်ပုံ (၁/၄)ရှိသော အသံအရှည်။ |
| ၂။ | Quaver | Whole Note ၏ ၈ပုံတစ်ပုံ (၁/၈)ရှိသော အသံအရှည်။ |
| ၃။ | Crotchet Rest | Whole Note ၏ ၄ပုံတစ်ပုံ (၁/၄)ရှိသော ရပ်နားချက်။ |
| ၄။ | Beats | တူညီသောချိန်တာ အကွာအဝေးဖြင့်ဖော်ပြထားသော ရိုက်ချက်များ။ (ဥပမာ- စည်းဝါးတီးသည့်စည်းချိန်) |
| ၅။ | Rhythm | Beat တွင် အသံအပြင်းအပျော့၊ အတိုအရှည်၊ အနှေးအမြန်များဖြင့် ပေါင်းစပ်ပါဝင်သော အစုအဖွဲ့။ |
| ၆။ | 4/4 Time | Note Bar (၁) Bar တွင် Crotchet (၄)ချက်ပါရှိသော Beat ကို ဖော်ပြသည်။   |
| ၇။ | 2/4 Time | Note Bar (၁) Bar တွင် Crotchet (၂)ချက်ပါရှိသော Beat ကို ဖော်ပြသည်။   |
| ၈။ | Repeat | ထပ်ကျော့အမှတ်အသား။  |
| ၉။ | Breath | အသက်ရှူရန်။  |
| ၁၀။ | Dotted Crotchet | Crotchet (၁)ချက်နှင့် ယင်းတန်ဖိုး၏ တစ်ဝက်စာ ရိုက်ချက်ပေါင်းတန်ဖိုး။  |
| ၁၁။ | Dotted Quaver | Quaver (၁)ချက်နှင့် ယင်းတန်ဖိုး၏ တစ်ဝက်စာ ရိုက်ချက်ပေါင်းတန်ဖိုး။  |

DBE Box - Copyright Protected